# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ ဝါဆိုလကွယ်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 27 July 2022 ၁၀၈၀၉


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ပနိုင်ငံအချို့၊ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းအချို့က ထုတ်ပြန်ခဲ့သည့် ထုတ်ပြန်ချက်များအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနက ပြင်းထန်စွာကန့်ကွက်ပယ်ချ

နိုင်ငံတော်အတွင်း အပြစ်မဲ့ပြည်သူများအား ရက်စက်ပြီး လူမဆန်သည့် သတ်ဖြတ်ကျူးလွန်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ရာတွင် စီစဉ်ညွှန်ကြားစီမံဆောင်ရွက်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ ကိုယ်တိုင်ပါဝင်ကျူးလွန်ခြင်းတို့ကြောင့် တရားခံ (၄) ဦးအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက်ပုဒ်မများအရ ပြစ်မှုထင်ရှားသဖြင့် သေဒဏ်ချမှတ်ခဲ့ခြင်းအပေါ် ပြည်ပနိုင်ငံအချို့၊ နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းအချို့က ဝေဖန်ပြစ်တင်သည့် ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်ခဲ့ကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လုံခြုံရေးအတွက် ၎င်းတို့ (၄) ဦးအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက်ပုဒ်မများဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာအကြမ်းဖက်မှုတိုက်ဖျက်ရေး ပြဋ္ဌာန်းချက်များနှင့် သဘောတူညီချက်များတွင်လည်း မည်သည့်အကြမ်းဖက်လုပ်ရပ်ကို မဆို မည်သည့်အခြေအနေ၊ မည်သည့်အနေအထား၊ မည်သည့်အကြောင်းပြချက်နှင့်မျှ

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆




## မြန်မာ့ဆိပ်ကမ်းများသို့ ဇူလိုင်လတွင် ကုန်သေတ္တာတင်သင်္ဘော ၄၉ စင်း ဆိုက်ကပ်ပြေးဆွဲ

**ရန်ကုန် ဇူလိုင် ၂၆**

ပို့ကုန်၊ သွင်းကုန် အဆင်ပြေချောမွေ့စေရန်နှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ကြီးကြပ်မှုဖြင့် ကုန်သေတ္တာဆိပ်ကမ်း၊ သင်္ဘောလိုင်းများနှင့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဇူလိုင်လတွင် ကုန်သေတ္တာတင်သင်္ဘော ၄၉ စင်း ဆိုက်ကပ်ပြေးဆွဲလျက်ရှိကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

**ပို့ကုန်၊ သွင်းကုန်ကဏ္ဍ**

ရေကြောင်းကုန်သွယ်မှုတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များ၊ အထည်အလိပ်ကုန်ချောပစ္စည်းများနှင့် အခြားထွက်ကုန်များကို ရန်ကုန်ဆိပ်ကမ်းရှိ ဆိပ်ကမ်းငါးခုနှင့် သီလဝါဆိပ်ကမ်းရှိ ဆိပ်ကမ်းနှစ်ခုတို့မှ ကုန်စည်စီးဆင်းလျက်ရှိသည်။ ရေကြောင်းဖြင့် ကုန်စည်စီးဆင်းရာတွင် ဆိပ်ကမ်းများ၌ ပို့ကုန်နှင့် သွင်းကုန်ကဏ္ဍနှစ်ရပ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ပို့ကုန်ကဏ္ဍတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❂

### ယနေ့ ဖတ်စရာ


**နိုင်ငံတော်ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်လျက်ရှိသော စက်ရုံကြီးများသို့ ပို့လွှတ်ထားသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရခြင်းနှင့် ဓာတ်အားလိုင်းများ ဖျက်ဆီးခံရခြင်းတို့ကြောင့် ဓာတ်အား ထုတ်လုပ်နိုင်မှုအခြေအနေနှင့် ပို့လွှတ်၊ ဖြန့်ဖြူးမှုအခြေအနေတို့ကို အများပြည်သူသို့သိရှိနိုင်ရန် အသိပေးပန်ကြားခြင်း**

စာမျက်နှာ » ၅

**သေဒဏ်၏ နောက်ကွယ် ...** စာမျက်နှာ » ၆

**နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) မိဘပြည်သူများသို့ အသိပေးပန်ကြားခြင်း** စာမျက်နှာ » ၈

**မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် တပ်ကုန်းကျေးရွာအား PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက လက်နက်ငယ်၊ လက်လုပ်စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး မီးရှို့ခဲ့မှုကြောင့် ကျေးရွာနေ အမျိုးသားလေးဦးနှင့် အမျိုးသမီးသုံးဦး သေဆုံး၍ အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့ကာ လူနေအိမ် ၄၁ လုံး မီးလောင်ပျက်စီးဆုံးရှုံး**

စာမျက်နှာ » ၁၅

ကြေးမုံ

# ပညာပြည့်ဝနှလုံးလှ၍ နိုင်ငံ့ဂုဏ်မြှင့်တင်

"ပညာရဲရင့် ပွဲလယ်တင့်"၊ "ပညာရွှေအိုး လူမခိုး"၊ "ပညာဂုဏ်ရောင် မီးရှူးတန်ဆောင်"၊ "ပတ္တမြားရောင်ထက် ပညာရောင်လက်"၊ "ပညာပြည့်ဝ နှလုံးလှ" စသည့် ပညာကို ညွှန်းဆိုဂုဏ်ပြုစကားများ များစွာရှိပါသည်။ ပညာသည် လူ့ဘောင်လောက၊ လူ့ဘဝမြင့်မားတိုးတက်ရေးကို ဆောင်ကြဉ်းပေးပါသည်။ ထို့ကြောင့် "ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏"ဟု မဃဒေဝလင်္ကာတွင် ပညာဖြင့် အလုံးစုံဆောင်ကြဉ်းပေးနိုင်သည်ကို ဖော်ပြထားပါသည်။

နိုင်ငံတိုင်း နိုင်ငံတိုင်းသည် ပညာ၏အကျိုးကျေးဇူးများ၊ ပညာ၏တန်ဖိုးများကို သိနားလည်ကြသဖြင့် မိမိနိုင်ငံ၏အနာဂတ် မြင့်မားတိုးတက်လာစေရန် ပညာရေးကဏ္ဍတွင် ဦးစားပေးရင်းနှီးမြှုပ်နှံကြသည်။ နိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာအောင် ဖော်ဆောင်ရာ၌ လူသားအရင်းအမြစ်(Human Resources) သည် အဓိကကျပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာရန်အတွက် ပညာသည် အခြေခံကျသောကဏ္ဍဖြစ်သည်။ ထို့ကြောင့် ပညာရေးရင်းနှီးမြှုပ်နှံမှုကို ဦးစားပေးလုပ်ဆောင်ကြသည်။ မြန်မာနိုင်ငံတွင် ပညာရေးနှင့်ပတ်သက်သည့် အခြေခံလိုအပ်ချက်များဖြစ်သည့် အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်လာစေရန် မိဘ၊ ဆရာ၊ တာဝန်ရှိသူများက ပူးပေါင်းပါဝင်ပြီး နိုင်ငံတော်အစိုးရက ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈(ဂ)အရ နိုင်ငံတော်သည် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ကို ဖော်ဆောင်ရမည်၊ ပုဒ်မ ၃၆၆ အရ "နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ (က) ပညာသင်ကြားပိုင်ခွင့်ရှိသည်၊ (ခ) ဥပဒေဖြင့် ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်"ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ဦးတည်ချက်(၉) ရပ်တွင် "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"ဟူသည့်အချက်ကို ချမှတ်ထားပြီး အဆိုပါအချက်များကို အလေးထား၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ပညာရေးကဏ္ဍတွင် ခေတ်ကာလနှင့်လျော်ညီသည့် ပြဋ္ဌာန်းချက်များဖြင့် သင်ရိုးညွှန်းတမ်းများ ပြုစုပြီး ဟန်ချက်ညီသည့် ပညာရေးစနစ်ကို အကောင်အထည်ဖော်ပေးနိုင်သကဲ့သို့ ဆရာများ၏ ပညာအရည်အသွေး တိုးတက်လာရေးကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ နိုင်ငံသားများ၏ ပညာတတ်မြောက်မှုနှုန်းမှာ နိမ့်ကျနေဆဲဖြစ်သည်။ ၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်းနှင့် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းများအရ နိုင်ငံသားအားလုံး၏ သုံးပုံ တစ်ပုံခန့်သည် အခြေခံပညာအလယ်တန်းအဆင့်အထိသာ ပညာသင်ယူနိုင်ခဲ့သည်ကို တွေ့ရသည်။ ထို့ကြောင့် နိုင်ငံသားများ အခြေခံပညာပြီးဆုံးသည်အထိ ပညာသင်ကြားနိုင်ရန်အတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်၏ဖွဲ့စည်းပုံအခြေခံဥပဒေအရမူလတန်းပညာမသင်မနေရဟုပြဋ္ဌာန်းထားသော်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် KG+9 အခြေခံပညာအလယ်တန်းအဆင့်အထိ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ပညာသင်ကြားခွင့်ရရှိစေရေးနှင့် အောင်မြင်စေရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မျက်မှောက်ကာလတွင် အတန်းအောင်၊ ပညာပြီးမြောက်ခြင်းဖြင့် မိမိတို့ဘဝနှင့်နိုင်ငံတော်အတွက် လုံလောက်ပြည့်စုံခြင်းမရှိသဖြင့် အသိဉာဏ်ပညာ၊ တွေးခေါ်မြော်မြင်မှုနှင့် ဆင်ခြင်တုံတရားများ မြင့်မားရေးကို အခြေခံသည့် ဘက်စုံပညာရေးကို အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "ပညာပြည့်ဝရုံတင်မဟုတ်ဘဲ သန့်ရှင်းဖြူစင်သည့် ကိုယ်ကျင့်တရားများ ရှိနေစေရေးအတွက်လည်း အမြဲကျင့်ကြံနေထိုင်သွားကြရန် လိုအပ်ကြောင်း၊ သို့မှသာလျှင် မိမိတို့တတ်မြောက်ပြီးသား ပညာရပ်များကို မှန်ကန်စွာအသုံးချနိုင်သူများ ဖြစ်လာကြမည်ဖြစ်ကြောင်း၊ ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတွင်လည်း ယုံကြည်ချက်၊ ခံယူချက်ကောင်းများနှင့် ပညာကို ဆက်လက်ကြိုးပမ်းသင်ယူသွားကြရမည်ဖြစ်ကြောင်း၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ကို နှလုံးသွင်းပြီး အတတ်ပညာများကို ဆည်းပူးသကဲ့သို့ အသိပညာပိုင်းဆိုင်ရာတွင်လည်း အားနည်းမှုမရှိစေရန် ကြိုးစားအားထုတ်ကြစေလိုကြောင်း" ၂၀၁၉-၂၀၂၀/၂၀၂၁ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ထူးချွန်လူငယ်များ ဂုဏ်ပြုပွဲတွင် ပြောကြားခဲ့သည်။

သို့ဖြစ်ရာ ကလေးသူငယ်လူငယ်လူရွယ်တိုင်း ပညာသင်ကြားကြပြီး ပညာ၏တန်ဖိုးကို သိနားလည်ကာ ပညာပြည့်ဝနှလုံးလှသူများဖြစ်အောင် လေ့လာဆည်းပူးပြီး မိမိတို့အနာဂတ်ဘဝခရီး အောင်မြင်ချောမွေ့စေမည့်၊ အမိနိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ပေးနိုင်မည့် လူငယ်လူရွယ်များဖြစ်လာအောင် ကြိုးစားအားထုတ်ကြပါရန် တိုက်တွန်းပါကြောင်း။ ။

THE REPUBLIC OF THE UNION OF MYANMAR
THE SUPREME COURT Of THE UNION

သတင်းထုတ်ပြန်ချက်

## တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် စတင်ကျင့်သုံးမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်

နေပြည်တော် ဇူလိုင် ၂၆

၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများ၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများတွင်စွဲဆိုသည့် တရားမမှုများနှင့် စပ်လျဉ်း၍ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို ကျင့်သုံးမည်ဖြစ်ကြောင်း ပြည်ထောင်စုတရားသူကြီးချုပ်ရုံးက အသိပေးထုတ်ပြန်ထားသည်။

သတင်းစဉ်

## ဘိုကလေးမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ ဒီရေတောနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကျင်းပ



ဘိုကလေး ဇူလိုင် ၂၆

အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဘိုကလေးမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ ယနေ့နံနက် ၉ နာရီတွင် ဘိုကလေးမြို့နယ် ကဒုံကနိသစ်တောကြိုးဝိုင်း အကွက်အမှတ်(၇၆)၌ ကျင်းပသည်။

ယင်းအပြည်ပြည်ဆိုင်ရာ ဒီရေတောနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဇော်သိန်းထွဋ်နှင့် သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ကဒုံကနိ သစ်တောကြိုးဝိုင်းအတွင်းမှ ဒေသခံပြည်သူများက အုန်းပင် ၈၀၀၊ သမဲ့ကြီးပင် ၈၀၀ စုစုပေါင်း အပင် ၁၆၀၀ တို့ကို စုပေါင်း သစ်ပင်စိုက်ပျိုးကြသည်။

၃၆၄

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၆- ၇ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၄၀၀ | ၇,၂၀၀ | ၁,၀၃၀ | ၇,၄၃၆,၀၀၀ |
| MTSH | ၂,၅၅၀ | ၂,၅၀၀ | ၇,၄၁၆ | ၁၈,၇၇၆,၅၅၀ |
| MCB | ၆,၉၀၀ | ၆,၉၀၀ | ၃၈ | ၂၆၂,၂၀၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၁၅၀ | ၂,၆၂၅,၀၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၇၅၀ | ၁,၈၀၀,၀၀၀ |
| EFR | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀ ၀ | ၃၀၀ | ၁,၅၀၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၂၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၈၈၅.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၃.၇၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၄၂၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၅.၁၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၁၉၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၈၅.၂ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၃၃.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၅၄.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၁.၄၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ကျူးလွန်ခြင်းကို လက်ခံခြင်းမပြုကြောင်းနှင့် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူရန် ပြဋ္ဌာန်းဖော်ပြထားသည်။

နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံများသည် နိုင်ငံအချင်းချင်း ဆက်ဆံရာတွင် တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို တစ်နိုင်ငံက လေးစားရေး၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်မှုမပြုရေး၊ နိုင်ငံအချင်းချင်း တန်းတူညီမျှရှိမှုကို လေးစားလိုက်နာရေး အခြေခံမူများကို လိုက်နာကျင့်သုံးသွားရမည်ဖြစ်ကြောင်း ထပ်လောင်းဖော်ပြအပ်သည်။

ယခုကိစ္စတွင်လည်း မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အာဏာ (၃) ရပ်ကို တာဝန်ယူထားသည့် အစိုးရအနေဖြင့် တရားစီရင်ရေးအာဏာကို ဥပဒေနှင့်အညီကျင့်သုံး၍ အကြမ်းဖက်လုပ်ရပ်များနှင့် ကျူးလွန်မှုများကို ထိရောက်စွာ တားဆီးကာကွယ်ရန် ပြစ်ဒဏ်ချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ မြန်မာအစိုးရ၏ ဆောင်ရွက်ချက်အပေါ် ဝေဖန်ပြစ်တင်မှုများသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ရာရောက်ပြီး အကြမ်းဖက်လုပ်ရပ်များကို သွယ်ဝိုက်ပြီး အားပေးရာရောက်စေသည်ကို သတိပြုရန်ဖြစ်သည်။ အကြမ်းဖက်လုပ်ရပ်များကြောင့် သေဆုံး၊ ဒဏ်ရာရခဲ့ကြသည့် အပြစ်မဲ့ပြည်သူများနှင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရခြင်းများကို လျစ်လျူရှုပြီး ယခုကဲ့သို့ တစ်ဖက်သတ် ထုတ်ပြန်ခဲ့သည့် ကြေညာချက်များကို ကန့်ကွက်ပယ်ချလိုက်ကြောင်း ဖော်ပြအပ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Vinay Kumar ကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇူလိုင် ၂၆**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်မှ PDF အဖွဲ့ဝင်များကို ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ ထပ်မံလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့တွင် စဉ့်ကူးမြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် သပိတ်ကျင်းတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ်အောင်အောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်နယ်မှူးနှင့် တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော စဉ့်ကူးမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသားသုံးဦးကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။



PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❂ မြန်မာ့ဆိပ်ကမ်းမှ

လိုအပ်သော အထောက်အထား စာရွက်စာတမ်းဖြင့် ဝင်ရောက်ခွင့်ပြု၍ အကောက်ခွန်ဦးစီးဌာနမှ စစ်ဆေးပြီးနောက် ကုန်ပစ္စည်းတင်ပို့မှုကို ဆောင်ရွက်သည်။ သွင်းကုန်ကဏ္ဍတွင် ကုန်သင်္ဘောမှချသော ကွန်တိန်နာကုန်သေတ္တာများအား ယာယီစုပုံရာနေရာတွင် လုပ်ငန်းရှင်များကိုယ်တိုင် စာရွက်စာတမ်းဖြင့် အခွန်အခပေးဆောင်ပြီး ကုန်သေတ္တာထုတ်ယူလျက်ရှိသည်။

ကမ္ဘာ့ကုန်သွယ်မှု၌ ရေကြောင်းကုန်သွယ်မှုမှာ အခြားသောကုန်စည်ပို့ဆောင်မှုတို့ထက် ကုန်ကျစရိတ် သက်သာသော ကုန်သွယ်မှုတစ်ခုအဖြစ် ကမ္ဘာ့ကပ်ရောဂါ ဖြတ်သန်းနေချိန်တွင် ပိုမိုအကျိုးပြုလာလျက်ရှိရာ နိုင်ငံတော်မှ ပို့ကုန်နှင့်သွင်းကုန်ကဏ္ဍ အရှိန်အဟုန်မပြတ်စေရန် ပံ့ပိုးဆောင်ရွက်မှုဖြင့် ကွန်တိန်နာ သင်္ဘောလုပ်ငန်းများ၊ ရေကြောင်းကုန်သွယ်မှု ဆက်စပ်လုပ်ငန်းများ စိုက်ပျိုးရေးနှင့်မွေးမြူရေး သွင်းကုန်/ထုတ်ကုန်လုပ်ငန်းများနှင့် စက်မှုဇုန်များ ပို့ကုန်/သွင်းကုန်လုပ်ငန်းများ အဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရသည်။

**သတင်း – ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ – ကနူး**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇူလိုင် ၂၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၆၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နှင့် တာမွေမြို့နယ်တို့၌ ဒေသခံပြည်သူ ၅၉၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၂၅၇၅ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၄၉၁ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ဒေသခံပြည်သူ ၂၃၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၄၂၄၈ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၄၄၀၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

**ကြည့်ရှုအားပေး**

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တောင်ကြီး MRTV ထပ်ဆင့်လွှင့်စက်ရုံနှင့် ညောင်ရွှေမြို့ ပြန်/ဆက်ရုံးတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ MRTV ထပ်ဆင့်လွှင့်စက်ရုံနှင့် ညောင်ရွှေမြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ တောင်ကြီးမြို့ရှိ ထပ်ဆင့်လွှင့်စက်ရုံ၌ MRTV တောင်ကြီးဇုန်နယ်မှူးနှင့် တောင်ကြီး ထပ်ဆင့်လွှင့်စက်ရုံမှူးတို့က စက်ရုံနှင့် တာဝါတိုင်များ ကြံ့ခိုင်မှု၊ စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက စက်ပစ္စည်းများ ရေရှည်အသုံးပြုနိုင်ရန်အတွက် သတ်မှတ်ချက်နှင့်အညီ ကြံ့ခိုင်မှုပြုလုပ်ရေး၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ တောင်ပိုင်းနှင့် ကယားပြည်နယ်အတွင်းရှိ Analogue စနစ်ဖြင့် တစ်လိုင်းတည်း ထုတ်လွှင့်နေသော ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများတွင် DVB-T2 စနစ်ဖြင့် ပြောင်းလဲတပ်ဆင်ထုတ်လွှင့်ပေးနိုင်ရန် ကန့်သတ်ချက်ရှိပါက DTH စနစ်ဖြင့် ကြည့်ရှုနိုင်ရေး တင်ပြဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ထပ်ဆင့်လွှင့်စက်ရုံအတွင်း ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ညောင်ရွှေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ ရုံးအတွင်း ခင်းကျင်းပြသထားသည့် ပြတိုက်ငယ်နှင့် နံရံကပ်စာစောင်များကိုလည်းကောင်း၊ ကလေးစာဖတ်ခန်းနှင့် စာကြည့်တိုက်လုပ်ငန်းအား e-liberary စနစ် ပြောင်းလဲကျင့်သုံးနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

**ညီညီညွတ်ညွတ်လုပ်ဆောင်ကြရန်**

ဆက်လက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ပြည်ထောင်စုဝန်ကြီးက ညောင်ရွှေမြို့သည် ကမ္ဘာလှည့်ခရီးသွားများနှင့် ပြည်တွင်းခရီးသွားများ လာရောက်လည်ပတ်သော မြို့တစ်မြို့ဖြစ်သဖြင့် မိမိတို့တိုင်းရင်းသားလူမျိုးများနှင့်ပတ်သက်သည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ပြသနိုင်ရန် စီစဉ်ဆောင်ရွက်သင့်ကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများကို ခရိုင်နှင့် မြို့နယ်တိုင်းတွင် ဖွင့်လှစ်ပေးထားပြီးဖြစ်၍ မိမိတို့၏ ရုံးများ၊ စာကြည့်တိုက်များတွင် လူငယ်များနှင့် ပတ်သက်သည့် အစီအစဉ်များ၊ လှုပ်ရှားမှုများကို စီစဉ်ဆောင်ရွက်၍ လူငယ်များအခြေပြုရာနေရာဌာနတစ်ခုဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

စာကြည့်တိုက်တွင် လူငယ်များ ဖတ်ရှုလိုသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စာအုပ်စာစောင်များ၊ အသိပညာ ဗဟုသုတရရှိနိုင်သည့် စာအုပ်စာစောင်များကို ဦးစားပေး ထားရှိပေးစေလိုကြောင်း၊



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ညောင်ရွှေမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးရှိ စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်အစိုးရက နိုင်ငံ့ဝန်ထမ်းများအတွက် အိမ်ငှားစရိတ်ခံစားခွင့်များကို လစဉ်ထောက်ပံ့ပေးတော့မည်ဖြစ်သဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကို ပိုမိုဖော်ဆောင်ကြိုးပမ်းကြစေလိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက အချင်းချင်း ပွင့်ပွင့်လင်းလင်းဆွေးနွေးကာ အဖြေရှာဆောင်ရွက်ရန်နှင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လုပ်ဆောင်ကြရန် ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

**သတင်းစဉ်**

# လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲအသုံးပြုရေးနှင့်ပတ်သက်ပြီး လုပ်ငန်းကော်မတီအနေဖြင့် အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်ရမည်

နေပြည်တော် ဇူလိုင် ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁၁)၌ကျင်းပသည့် လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲအသုံးပြုရေးနှင့် အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

**လျှပ်စစ်သုံးယာဉ်များပြေးဆွဲအသုံးပြုရေး**

ညှိနှိုင်းအစည်းအဝေးတွင် လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲအသုံးပြုရေးနှင့် အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေက ယနေ့ကမ္ဘာကြီးတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးလာမှုကြောင့် ကမ္ဘာကြီးပူနွေးလာခြင်း၊ သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုများပြားလာခြင်း၊ လေထု/ရေထု ညစ်ညမ်းမှု မြင့်တက်လာခြင်းနှင့်အတူ ကမ္ဘာ့လူမှုစီးပွားရေး ကျဆင်းလာမှုတို့ကို ကုစားရန်အတွက် ဓါဝလောင်စာသုံးစွဲမှုကို လျှော့ချအစားထိုးနိုင်ရန် ကမ္ဘာအနှံ့အပြားတွင် လျှပ်စစ်အသုံးပြု မောင်းနှင်သည့်ယာဉ်များ ထုတ်လုပ်သုံးစွဲလာကြပြီ ဖြစ်ကြောင်း၊ လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲအသုံးပြုရေးနှင့် ပတ်သက်ပြီး လုပ်ငန်းကော်မတီအနေဖြင့် အခြေခံ



အဆောက်အအုံများ အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီ၏ တာဝန်(၅)ရပ်တွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးအတွက် မူဝါဒများ၊ လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် ဆက်စပ်ဌာန၊ အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ရည်မှန်းချက်ပြီးမြောက်ရေး ပေါင်းစပ်အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ Charging Station၊ Car Parking၊ ဈေးဝယ်စင်တာ၊ အဝေးပြေးလမ်းမများတွင် အလွယ်တကူအားသွင်းနိုင်မည့် အခြေခံအဆောက်အအုံများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လုပ်ငန်းကော်မတီအနေဖြင့် ယာဉ်မောင်းသူများနှင့် ယာဉ်စီးနင်းသူများ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတိပြုရန် အချက်များကိုလည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အခြားသောလုပ်ငန်းကော်မတီများနှင့်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တက်ရောက်လာသည့် ဝန်ကြီးဌာနအသီးသီးမှလည်း ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြရန် မေတ္တာရပ်ခံကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က လုပ်ငန်းတာဝန်(၅)ရပ်ပါ လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

**ဆွေးနွေး**

ဆက်လက်၍ လုပ်ငန်းကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ရန်ကုန်၊ မန္တလေးစည်ပင်သာယာရေး ကော်မတီမှ မြို့တော်ဝန်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်တို့က မြို့တော်များ၏ အနာဂတ်မြို့ပြစီမံကိန်းများ ရေးဆွဲရာတွင် လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲအသုံးပြုရေးအတွက် လိုအပ်သည့်လျှပ်စစ်နှင့် မြို့ပြဆိုင်ရာ အခြေခံအဆောက်အအုံများ ထည့်သွင်းစဉ်းစားစီမံဆောင်ရွက်သွားမည့် အခြေအနေများကို သုံးသပ်ဆွေးနွေးကြပြီး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြသည်။

လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲအသုံးပြုရေးနှင့် အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် လုပ်ငန်းကော်မတီ၏ တာဝန်(၅)ရပ်ကို ဆောင်ရွက်မည့်မူဝါဒချမှတ်ပြီး လုပ်ငန်းစဉ်များ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကန်ကြီးထောင့်မြို့နယ်၌ အသိပညာပေး ဟောပြောပွဲ ကျင်းပ

ကန်ကြီးထောင့် ဇူလိုင် ၂၆

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကန်ကြီးထောင့်မြို့ အမှတ်(၂)အခြေခံပညာမူလတန်းကျောင်းတွင် "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ခေါင်းစဉ်ဖြင့် ယနေ့နံနက် ၁၀နာရီက အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးလှမြင့်က အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်မြို့နယ်ပညာရေးမှူး ဦးရဲနိုင်က အမှိုက်ကင်းစင်ရေး ဟောပြောရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်ဝင်းဟန်က ကျောင်းသား ကျောင်းသူကလေးများကို "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"ဖြစ်စေရေး ရည်ရွယ်၍ အမှိုက်များ စနစ်တကျစွန့်ပစ်ကြရန်၊ အမှိုက်အမျိုးအစားများ၊ အမှိုက်က အစပြု၍ ကြွက်၊ ယင်ကောင်၊ ပိုးလောက်လမ်းများမှတစ်ဆင့် ရောဂါဖြစ်ပွားမှုများ၊ အမှိုက်အမျိုးအစားအလိုက် ဆွေးမြည့်ရန်ကြာမြင့်မှုသက်တမ်းများ၊ ပလတ်စတစ်လျှော့ချစေရေး ပြုမူဆောင်ရွက် လိုက်နာရမည့်အချက်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများ၏ ပြန်လည်မေးမြန်းချက်များကို ရှင်းလင်းဆွေးနွေးပြီး အသိပညာပေးစာအုပ်နှင့် လက်ကမ်းစာစောင်များကို ကျောင်းအုပ်ဆရာကြီးထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မဇင်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇူလိုင် ၂၆

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar ကို လက်ခံတွေ့ဆုံ



**နေပြည်တော်  ဇူလိုင်  ၂၆**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ယနေ့မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ်(၂၇) ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေးခဲ့**

တွေ့ဆုံစဉ် နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းဆိုင်ရာကိစ္စ၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကဏ္ဍအလိုက် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ဗဟိုလေ့ကျင့်ရေးကျောင်း၌ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**ရန်ကုန်  ဇူလိုင်  ၂၆**

၂၀၂၂ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၅၁ ရပ်ကွက် မြဝတီမင်းကြီးလမ်း နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ဗဟိုလေ့ကျင့်ရေးကျောင်းကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ အရာထမ်း/အမှုထမ်း ၈၃ ဦးတို့က ရတနာတန်းဝင် ကျွန်း ၁၀၀၊ ပိန္နဲ ၂၀၊ ငုဝါ ၃၀ စသည့် ပျိုးပင်ပေါင်း ၁၅၀ တို့ကို သတ်မှတ်နေရာများ၌ စိုက်ပျိုးခဲ့ကြသည်။ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ယခုမိုးရာသီကာလအတွင်း ပျိုးပင်စုစုပေါင်း ၄၅၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်လျက်ရှိသော စက်ရုံကြီးများသို့ ပို့လွှတ်ထားသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း မိုင်းဖြင့်ဖောက်ခွဲဖျက်ဆီးခံရခြင်းနှင့် ဓာတ်အားလိုင်းများ ဖျက်ဆီးခံရခြင်းတို့ကြောင့် ဓာတ်အားထုတ်လုပ်နိုင်မှုအခြေအနေနှင့် ပို့လွှတ်၊ ဖြန့်ဖြူးမှုအခြေအနေတို့ကို အများပြည်သူသို့သိရှိနိုင်ရန် အသိပေးပန်ကြားခြင်း

**၂၀၂၂ ခုနှစ်၊ ဇူလိုင် ၂၆**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ပြည်သူလူထုနှင့် စက်မှုလက်မှုလုပ်ငန်းများတွင် ဓာတ်အားသုံးစွဲနိုင်ရန်အတွက် ဓာတ်အားထုတ်လုပ်ပေးခြင်းနှင့် ဓာတ်အားပို့လွှတ်၊ ဖြန့်ဖြူးပေးခြင်းများကို စဉ်ဆက်မပြတ်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ တိုးတက်သုံးစွဲလာသည့် ဓာတ်အားသုံးစွဲမှုများအတွက်လည်း တိုးတက်ဖြန့်ဖြူးပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

၂။ ပုံမှန်အချိန်တွင် အမြင့်ဆုံးဓာတ်အားထုတ်လုပ်နိုင်မှုသည် (၄၂၀၀)မဂ္ဂါဝပ်ခန့် ရှိသော်လည်း LNG ဓာတ်အားပေးစက်ရုံများ၏ ထုတ်လုပ်မှု (၇၅၀) မဂ္ဂါဝပ်ခန့်မှာ ဓာတ်ငွေ့ဈေးနှုန်း မြင့်တက်နေသဖြင့် ရပ်တန့်ထားရခြင်း၊ ဘီလူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိသည့် လျှပ်စစ်ဓာတ်အားများကို ပို့လွှတ်လျက်ရှိသည့် ဓာတ်အားလိုင်း(၂)လိုင်းမှာ **PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏** မိုင်းခွဲဖျက်ဆီးခံခဲ့ရသဖြင့် ဓာတ်အားစနစ်သို့ ပုံမှန်ပို့လွှတ်လျက်ရှိသည့် (၁၇၀) မဂ္ဂါဝပ်ခန့်မှာ ပို့လွှတ်နိုင်ခြင်းမရှိဘဲ ဓာတ်အားပြတ်တောက်လျက်ရှိ၍ စုစုပေါင်း ဓာတ်အားထုတ်လုပ်နိုင်မှု (၉၂၀) မဂ္ဂါဝပ်ခန့်မှာ လျော့နည်းလျက်ရှိသော်လည်း ယခုကာလတွင် မိုးရာသီရောက်ရှိပြီဖြစ်သဖြင့် ဓာတ်အားသုံးစွဲမှု လျော့ကျခြင်းနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ဆည်ရေရရှိမှု တိုးမြင့်လာမှုများကြောင့် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို သုံးစွဲသူများ စဉ်ဆက်မပြတ်ရရှိရေး ဓာတ်အားစနစ်အား ထိန်းညှိမောင်းနှင်၍ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။

၃။ သို့ရာတွင် (၂၁-၇-၂၀၂၂)ရက်နေ့၌ ဇောတိကဓာတ်ငွေ့ပိုက်လိုင်းမှာ **PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၏** မိုင်းဖြင့်ဖောက်ခွဲဖျက်ဆီးခံခဲ့ရသဖြင့် ၎င်းဓာတ်ငွေ့ရယူသုံးစွဲလျက်ရှိသည့် ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်သည့် ဓာတ်အားပမာဏ (၂၀၀)မဂ္ဂါဝပ်ခန့်မှာ ဓာတ်အားစနစ်အတွင်းသို့ ပို့လွှတ်နိုင်မှုမရှိခြင်းနှင့် အထက်ပိုင်းဓာတ်အားစနစ်အတွင်းရှိ ၁၃၂ ကေဗွီ ရွှေစာရံ-တံခွန်တိုင်ဓာတ်အားလိုင်း တာဝါတိုင်၏ မူလီများ ဖြုတ်ယူ၍ ပြိုလဲအောင်ဖျက်ဆီးခံခဲ့ရသဖြင့် ဓာတ်အားလိုင်းတာဝါတိုင်(၂)တိုင် လဲကျပျက်စီးမှု ဖြစ်ပေါ်ခဲ့ခြင်းစသည်များကြောင့် (၂၄-၇-၂၀၂၂)ရက်နေ့တွင် ဝန်အားသုံးစွဲမှုနှင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်မှုအခြေအနေများအရ ဓာတ်အားစနစ်အတွင်း တည်ငြိမ်မှုလျော့နည်းကာ ဓာတ်အားစနစ်တစ်ခုလုံး ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်ခဲ့ရသည်။

၄။ ထို့အပြင် (၂၆-၇-၂၀၂၂) ရက်နေ့တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများကြောင့် ၁၃၂ ကေဗွီ တီကျစ်-ကလောဓာတ်အားလိုင်းမှာ ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ် ခဲ့သလို ၂၃၀ ကေဗွီ ရွှေစာရံ-အောင်ပင်လယ် ဓာတ်အားလိုင်းမှာလည်း ထပ်မံ၍ ဓာတ်အားပြတ်တောက်ခဲ့သဖြင့် ဓာတ်အားစနစ်အတွင်း ဓာတ်အားထုတ်လုပ်မှု စုစုပေါင်း (၁၁၂၀) မဂ္ဂါဝပ်ခန့် လျော့နည်းလျက်ရှိသဖြင့် ဓာတ်အားစနစ်တည်ငြိမ်မှုလျော့ကျကာ (၁၅:၃၆) အချိန်ခန့်တွင် ဓာတ်အားပြတ်တောက်မှု ထပ်မံဖြစ်ပေါ်ခဲ့ရသည်။

၅။ ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေများကို အမြန်ဆုံး ဓာတ်အားပြန်လည်ပို့လွှတ်နိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်ခြင်းများကိုလည်း ပြုလုပ်လျက်ရှိသည်။

၆။ သို့ဖြစ်ပါ၍ ဓာတ်အားပို့လွှတ်လျက်ရှိသည့် မဟာဓာတ်အားလိုင်းများနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ဖောက်ခွဲဖျက်ဆီးခံခဲ့ရသဖြင့် ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်ခဲ့ရသည့်အပေါ် ပြည်သူလူထုအနေဖြင့် နားလည်ပေးနိုင်ပါရန်နှင့် ဓာတ်အားလိုင်းများ ဖောက်ခွဲဖျက်ဆီးခံရခြင်း၊ အဖျက်အမှောင့်ပြုလုပ်ခြင်းများအပေါ် ပြည်သူလူထုမှလည်း ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**



၁၃၂ ကေဗွီ ရွှေစာရံ-တံခွန်တိုင် ဓာတ်အားလိုင်းမှ ပြိုလဲပျက်စီးနေသည့် တာဝါတိုင် အမှတ်(၄၄)၏ မှတ်တမ်းဓာတ်ပုံ။



၁၃၂ ကေဗွီ ရွှေစာရံ-တံခွန်တိုင် ဓာတ်အားလိုင်းမှ ပြိုလဲပျက်စီးနေသည့် တာဝါတိုင် အမှတ်(၄၅)၏ မှတ်တမ်းဓာတ်ပုံ။

# သေဒဏ်၏ နောက်ကွယ် ....

**အမှန်တရားဘက်တော်သား**

ဇူလိုင်လ ၂၅ ရက်နေ့ နိုင်ငံပိုင်သတင်းစာများ၌ သေဒဏ်ကျခံရသူများဖြစ်သည့် ဖြိုးဇေယျာသော်၊ ဂျင်မီ၊ လှမျိုးအောင်နဲ့ အောင်သူရဇော်တို့ကို ပြစ်ဒဏ်စီရင်ပြီးစီးသွားကြောင်း သတင်းဖော်ပြပါရှိခဲ့သည်။

သတင်းဖော်ပြမှုနှင့်အတူ ပြစ်ဒဏ်စီရင်ပြီးစီးမှုအပေါ် အမျိုးမျိုးသောဝေဖန်မှုများကို လူမှုကွန်ရက်စာမျက်နှာတွင် မြင်တွေ့ရသည်။ သေဒဏ်ပေးခံရသူများကို အာဇာနည်များ၊ သူရဲကောင်းများဟူ၍ အမွှမ်းတင်ကြသူများ၊ ဝမ်းနည်းကြေကွဲကြသူများ စသည်ဖြင့် မြင်တွေ့ရသည်။ အထူးသဖြင့် ပြည်ပရောက် အကြမ်းဖက်အဖွဲ့အစည်းများမှ လေလှိုင်းထဲက ခေါင်းဆောင်ဆိုသူများ၊ ယင်းတို့နှင့် ဆက်စပ်သူ အသိုင်းအဝိုင်းများက အထူးတလည် ဝမ်းနည်းကြသည်။ နိုင်ငံတကာအဖွဲ့အစည်းအချို့နှင့် နိုင်ငံခြားတိုင်းပြည်အချို့ကလည်း သေဒဏ်ပေးခံရမှုအပေါ် ဝမ်းနည်းကြောင်း ထုတ်ဖော်ပြသကြသည်။

## လူ့အသက်များကို တန်ဖိုးမထား ရက်စက်စွာသတ်ဖြတ်

ရုတ်တရက်မြင်တွေ့ရသူတို့၊ အခြေအနေမှန်ကို သဘောမပေါက်သူတို့အဖို့ ဒီမိုကရေစီအတွက် တိုက်ပွဲဝင်နေသူလေးဦး ကျဆုံးသွားသည်ဟု ထင်မိနိုင်သည်။ သို့ရာတွင် ထိုသူများသည် ဒီမိုကရေစီအတွက် ငြိမ်းချမ်းစွာ ဆောင်ရွက်ခြင်းကြောင့် သေဒဏ်ကျခံရခြင်းမဟုတ်၊ နိုင်ငံရေးသမားမို့ သေဒဏ်ကျခံရခြင်းမဟုတ်။ လူ့အသက်များကို တန်ဖိုးမထား ရက်စက်စွာသတ်ဖြတ်ခြင်းဖြစ်သည့် နိုင်ငံတကာက ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချသည့် အကြမ်းဖက်ခြင်းကို လုပ်ဆောင်သဖြင့် သေဒဏ်ကျခံရခြင်းဖြစ်သည်ကိုမူ မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်းကမျှ ဆက်လက်ဆွေးနွေးကြသည်ကို မမြင်ရ။ သူတို့ကို ဘာကြောင့်သေဒဏ်ပေးသလဲ ဟူသည်ကို မည်သူမျှ ဆွေးနွေးခြင်းမပြုကြ။

လူတစ်ဦးသေဆုံးခြင်းကို မည်သူကမျှ ဝမ်းသာကြမည်မဟုတ်။ သို့သော် အထက်ပါ သေဒဏ်ပေးခံရသူများသည် ဘုရားဖူးသွားရင်း လုပ်ကြံခံရသူများမဟုတ်၊ ဝမ်းစာအတွက် ပျိုးထောင်၊ ဈေးရောင်းရင်း သေမှန်းမသိ သေခဲ့ရသူများမဟုတ်၊ ကျောင်းဝင်းအတွင်း သီတင်းသုံးဆွမ်းဘုန်းနေစဉ် ရုတ်တရက် သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခံရသူများမဟုတ်၊ ကျောင်းသားတို့ စာသင်နိုင်ကြဖို့ တာဝန်ထမ်းဆောင်သဖြင့် အသတ်ခံရသူများမဟုတ်။ ဆိုရလျှင် ထိုသူတို့သည် အပြစ်မဲ့ပြည်သူများနှင့် တာဝန်ခံမှုရှိသည့် ပြည်သူ့ဝန်ထမ်းများကို နှိပ်စက်သတ်ဖြတ်ခဲ့၊ နောက်ကွယ်က စေခိုင်းခဲ့သည့် အကြမ်းဖက်သမားများဖြစ်သည်။ အကယ်၍ မဖမ်းမိခဲ့ပါက နောက်ထပ်၊ နောက်ထပ် လူ့အသက်ပေါင်းများစွာ ထပ်မံ၍ ပျက်စီးခြင်းနှင့် ကြုံနိုင်သေးသည်။ ထို့ကြောင့် ဥပဒေနှင့်အညီ သူတို့၏ပြစ်ဒဏ်ကို မလွှဲမသွေ ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

သေဒဏ်ခံရသူတို့အပေါ် ဝမ်းနည်းနှမြောတသဖြစ်၍ ယူကျုံးမရသူများကို အကြံပြုလိုပါသည်။ ထိုသူများက သတ်ဖြတ်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူများ သေဆုံးခဲ့ရစဉ်က သင်တို့မည်သို့တွေးခဲ့ကြပါသလဲ။ အပြစ်မဲ့သေဆုံးရသူများတွင်လည်း မိခင်၊ ဖခင်၊ မောင်ဖွား၊ ချစ်သူ၊ အိမ်သူ၊ သား၊ သမီး စသည်ဖြင့် အနှောင်အဖွဲ့များ ရှိကြသည်။ ထိုသူတို့၏ အပူမီးကိုရော သင်တို့ ခံစားမိခဲ့ပါသလား။ ယခုပြစ်ဒဏ်မှာ အကြောင်းရှိ၍ ဖြစ်ပေါ်လာခဲ့သည့် အကျိုးဆက်တစ်ခုဖြစ်၍ တရားနှင့်ယှဉ်၍ သံဝေဂကို ယူသင့်ကြပါပြီ။

> **ရုတ်တရက်မြင်တွေ့ရသူတို့၊ အခြေအနေမှန်ကို သဘောမပေါက်သူတို့အဖို့ ဒီမိုကရေစီအတွက် တိုက်ပွဲဝင်နေသူလေးဦး ကျဆုံးသွားသည်ဟု ထင်မိနိုင်သည်။ သို့ရာတွင် ထိုသူများသည် ဒီမိုကရေစီအတွက် ငြိမ်းချမ်းစွာဆောင်ရွက်ခြင်းကြောင့် သေဒဏ်ကျခံရခြင်းမဟုတ်၊ နိုင်ငံရေးသမားမို့ သေဒဏ်ကျခံရခြင်းမဟုတ်။ လူ့အသက်များကို တန်ဖိုးမထား ရက်စက်စွာသတ်ဖြတ်ခြင်းဖြစ်သည့် နိုင်ငံတကာက ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချသည့် အကြမ်းဖက်ခြင်းကို လုပ်ဆောင်သဖြင့် သေဒဏ်ကျခံရခြင်းဖြစ်သည်ကိုမူ မည်သည့်နိုင်ငံ၊ မည်သည့် အဖွဲ့အစည်းကမျှ ဆက်လက်ဆွေးနွေးကြသည်ကို မမြင်ရ။ သူတို့ကို ဘာကြောင့် သေဒဏ်ပေးသလဲ ဟူသည်ကို မည်သူမျှ ဆွေးနွေးခြင်းမပြုကြ။**

## အကြမ်းဖက်ခြင်းအတွက် လက်မရှိန့်သူ

သေဒဏ်ခံရသူများနှင့်ပတ်သက်၍ စာရေးသူ စေ့ငုမိသမျှ ဖော်ပြရလျှင် ဖြိုးဇေယျာသော်(ခ) မောင်ကျော်သည် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရာ၌ သူနှင့်အတူ ဆက်စပ်တရားခံ ၂၉၃ ဦးပါဝင်ခဲ့ပြီး လက်နက်ငယ်မျိုးစုံ ၁၆၉ လက်၊ လက်လုပ်သေနတ် ၂၃၁ လက်၊ လက်လုပ်စိန်ပြောင်း ခြောက်လက်၊ ကျည်မျိုးစုံအတောင့် ၁၈၈၁၀၊ ၄၀ မမ ဗုံးသီး ၄၃ လုံး၊ လက်လုပ်ဗုံးသီး/ဒုံးသီး ၁၇၅ လုံး၊ လက်ပစ်ဗုံး ၄၈ လုံး၊ မိုင်းမျိုးစုံ ၁၆ လုံး၊ လက်လုပ်မိုင်း ၁၀၉၉ နှင့် အခြားဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့သည်။

ဖြိုးဇေယျာသော်လက်ရေးဖြင့် ရေးသားထားခဲ့သည့် အစည်းအဝေးမှတ်စုစာအုပ်၌ "Ambush Attack (ချောင်းမြောင်းတိုက်တာတွေထက်) တွေထက် Assassination (လုပ်ကြံသတ်ဖြတ်)တာမျိုးကို ပိုအားပေး" ဆိုသည့် သက်သေများ၊ ဖုန်းအတွင်း ပြည်ပြေးသစ္စာဖောက် ဇော်ဝေစိုးနှင့် ချိတ်ဆက်၍ အကြမ်းဖက်လုပ်ရပ်အတွက် ဘတ်ငွေ ရှစ်သိန်း လွှဲပေးမည့်ကိစ္စရပ်များနှင့် အကြမ်းဖက်လုပ်ငန်းများအတွက် လိုအပ်သည့် လက်နက်ခဲယမ်း ပံ့ပိုးပေးနေမှုများကို ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်းက ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းစာရှင်းလင်းပွဲ၌ မြင်တွေ့ခဲ့ရသည်။

## အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန် ပြုလုပ်ခဲ့

ဖြိုးဇေယျာသော်သည် CRPH၊ NUG အကြမ်းဖက်အဖွဲ့၏စေခိုင်းချက်အရ တောင်ပိုင်းအကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်းထားပြီး ရန်ကုန်မြို့တွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများ၊ အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် လုံခြုံရေးအဖွဲ့ဝင်များအား လုပ်ကြံသတ်ဖြတ်ခြင်းဖြင့် အစိုးရ၏ စစ်ရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန်၊ အများပြည်သူနှင့်ဆိုင်သောနေရာများ၊ အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများ၊ စီးပွားရေးဆိုင်ရာ အဆောက်အအုံများအပါအဝင် ပညာသင်ကြားမှုများ ရပ်တန့်စေရန် ဖောက်ခွဲဖျက်ဆီးခြင်း၊ ပျံလွှား အောင်စစ်ဆင်ရေးအမည်ဖြင့် လယ်ဗယ်အဆင့်မြင့်ကာ စစ်ရေးဆိုင်ရာပစ်မှတ်များအား အကြမ်းဖက်တိုက်ခိုက်ခြင်းနှင့် အင်အားနည်းသည့် လုံခြုံရေးစခန်းငယ်များအား ဝင်ရောက်တိုက်ခိုက်၍ လက်နက်ခဲယမ်းများ လုယက်စေခြင်း၊ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ တိုင်းသုံးတိုင်းတွင် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် ဟံသာဝတီစစ်ရေးစီမံချက်ရေးဆွဲနေခြင်းတို့ကို ပြုလုပ်ခဲ့သူတစ်ဦးဖြစ်သည်။

ထို့ကြောင့် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၄၉(က) အကြမ်းဖက်အုပ်စုတစ်ခုခုကို ထောက်ပံ့ရန်အတွက် လက်နက်ပစ္စည်းများ သိမ်းဆည်းထားမှု၊ အကြမ်းဖက်ပုဒ်မ ၅၀(ဈ) အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဒလန်ဟု စွပ်စွဲခံရသူများအား သတ်ဖြတ်နိုင်ရန် လက်နက်များကို ငှားရမ်းပေးမှု ၃၅ ကြိမ်၊ လုပ်ကြံသတ်ဖြတ်မှု ၁၁ ကြိမ်၊ နိုင်ငံပိုင်အဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးမှု အကြိမ် ၃၀၊ အုပ်ချုပ်ရေးမှူးရုံးများကို ဖောက်ခွဲဖျက်ဆီးမှု ၃၂ ကြိမ်၊ လျှပ်စစ်ရုံးနှင့် အနီးတဝိုက် ဗုံးပေါက်ကွဲမှု ၂၅ ကြိမ်၊ ကညနရုံးအနီးဝန်းကျင် ဗုံးကွဲမှု ကိုးကြိမ်၊ CCTV Control box များနှင့် အများပြည်သူများ သက်ဆိုင်သည့်နေရာများ၌ အကြိမ် ၆၀၊ စာသင်ကျောင်းများတွင် သုံးကြိမ်၊ ကြံရာပါအဖြစ်ကျူးလွန်ပြီး ဆောင်ရွက်ခဲ့မှု၊ အကြမ်းဖက်ပုဒ်မ ၅၀ (ည)အရ အလှူငွေများကောက်ခံကာ အကြမ်းဖက်လုပ်ငန်းအတွက် လက်နက်ခဲယမ်းဝယ်ယူခြင်း၊ လိုင်စင်မဲ့ယာဉ်ဝယ်ယူခြင်း၊ ငွေကြေးဆိုင်ရာထောက်ပံ့ခြင်းများအတွက် ယခုကဲ့သို့ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

> **သေဒဏ်ခံရသူများနှင့်ပတ်သက်၍ စာရေးသူ စေ့ငုမိသမျှ ဖော်ပြရလျှင် ဖြိုးဇေယျာသော်(ခ) မောင်ကျော်သည် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရာ၌ သူနှင့်အတူ ဆက်စပ်တရားခံ ၂၉၃ ဦးပါဝင်ခဲ့ပြီး လက်နက်ငယ်မျိုးစုံ ၁၆၉ လက်၊ လက်လုပ်သေနတ် ၂၃၁ လက်၊ လက်လုပ်စိန်ပြောင်း ခြောက်လက်၊ ကျည်မျိုးစုံအတောင့် ၁၈၈၁၀၊ ၄၀ မမ ဗုံးသီး ၄၃ လုံး၊ လက်လုပ်ဗုံးသီး / ဒုံးသီး ၁၇၅ လုံး၊ လက်ပစ်ဗုံး ၄၈ လုံး၊ မိုင်းမျိုးစုံ ၁၆ လုံး၊ လက်လုပ်မိုင်း ၁၀၉၉ နှင့် အခြားဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့**

## အကြီးစားဖောက်ခွဲဖျက်ဆီးမှုများကြံစည်

ကျော်မင်းယု (ခ) ဂျင်မီကို ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်းက ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) ပင်လုံအိမ်ရာ၌ ဖမ်းဆီးရမိခဲ့သည်။ တရားခံနှင့်အတူ အကြမ်းဖက်တိုက်ခိုက်မှုနှင့် လုပ်ကြံသတ်ဖြတ်မှုများတွင် အသုံးပြုလျက်ရှိသည့် AK-47 သေနတ် ခြောက်လက်၊ M-16 သေနတ် ရှစ်လက်၊ ၁၂-ဗို့ သေနတ်နှစ်လက်၊ ဒေသန္တရ လက်လုပ်သေနတ် တစ်လက်၊ ကျည်အိမ် ၁၈ ခုတို့အား သိမ်းဆည်းရမိခဲ့သည်။

ဂျင်မီသည် နိုင်ငံအတွင်း ဆူပူအုံကြွမှုဖြစ်ပေါ်စေရေး၊ အစိုးရဝန်ထမ်းများ CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရေး လှုံ့ဆော်မှုများပြုလုပ်ခြင်းတို့ကြောင့် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅(ခ)ဖြင့် အမှုဖွင့်ခံထားရသည့် တရားခံပြေးတစ်ဦး ဖြစ်သည်။ တရားခံ ကျော်မင်းယု(ခ)ဂျင်မီ၏ ထွက်ဆိုချက်အရ ဆူပူဆန္ဒပြလှုပ်ရှားမှုများနှင့် အစိုးရဝန်ထမ်းများ CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရေးအတွက် သတင်းမီဒီယာများနှင့် ချိတ်ဆက်ကာ ဝါဒဖြန့် လှုံ့ဆော်မှုများကို ၂၀၂၁ ခုနှစ် မတ်လအထိ ပြုလုပ်ခဲ့ကြောင်း သိရှိခဲ့ရသည်။ ၂၀၂၁ ခုနှစ် ဧပြီလအတွင်း Moon Light Operation အဖွဲ့အား အဖွဲ့ဝင်များနှင့်အတူ စတင်ဖွဲ့စည်းပြီး ဖြိုးဇေယျာသော် ခေါင်းဆောင်သော Yangon Urban Guerilla-YUG အဖွဲ့နှင့် ဝေဖြိုးဟန်ခေါင်းဆောင်သော ရန်ကုန်တိုင်း PDF အဖွဲ့များသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ စာသင်ကျောင်းများကို ပစ်မှတ်ထားတိုက်ခိုက်မှုများဖြင့် အကြမ်းဖက်စစ်ဆင်ရေး တစ်ရပ်အား ၂၀၂၁ ခုနှစ် မေလတွင် စတင်ခဲ့ကြသည်။

ဂျင်မီဦးဆောင်ခဲ့သည့် အကြမ်းဖက် Moon Light Operation အဖွဲ့သည် NUG ဘက်မှ D-Day သတ်မှတ်ပေးသည့် ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၇ ရက်နောက်ပိုင်းတွင် ကြီးမားသော အကြမ်းဖက် လုပ်ငန်းကြီးများအဖြစ် Mission ရှစ်ခုအား ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ဆောင်ရန် အစီအစဉ်ရေးဆွဲခဲ့ပြီး Mission-1 အား တွံတေးမြို့နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှု၊ Mission-2 အား အင်းစိန်မြို့နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှု၊ Mission-3 အား လှည်းကူးမြို့နယ်အတွင်း အောက်တိုဘာလအတွင်း လုပ်ဆောင်ပြီးစီးခဲ့သည်ဟု ဝန်ခံထွက်ဆိုခဲ့သည်။

## ဖမ်းဆီးရမိချိန်တွင် ဝန်ခံခဲ့

ကျန်သည့် Mission-4၊ Mission-5၊ Mission-6၊ Mission-7၊ Mission-8 တို့အား ရန်ကင်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ဒလမြို့နယ်၊ သာကေတမြို့နယ်နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း)၊ လှိုင်သာယာမြို့နယ်တို့တွင် ကြီးမားသော ဖောက်ခွဲဖျက်ဆီးမှုများနှင့် ပစ်ခတ်တိုက်ခိုက်မှုတို့ ပေါင်းစပ်ဆောင်ရွက်ရန် ရည်မှန်းထားသည်ကို ဖမ်းဆီးရမိချိန်တွင် ဝန်ခံခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား ရက်စက်စွာသတ်ဖြတ်ခဲ့ခြင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများအား အနီးကပ်စီစဉ်ညွှန်ကြားခဲ့ခြင်း၊ အကြမ်းဖက် NUG၊ CRPH၊ NUCC တို့နှင့် အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုများအတွက် ပူးပေါင်းကြံစည်ခဲ့ခြင်းတို့ကို ပြစ်မှုထင်ရှားကျူးလွန်ခဲ့သည့် တရားခံ ကျော်မင်းယု(ခ) ဂျင်မီအား ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅-က အပြင် ၂၀၁၄ ခုနှစ် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄၊ မတရားအသင်းအက်ဥပဒေ၊ လက်နက်နှင့် ပတ်သက်သောအက်ဥပဒေ၊ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ အက်ဥပဒေတို့ဖြင့် အရေးယူခဲ့ရာမှ ပြစ်မှုထင်ရှားခဲ့သဖြင့် သေဒဏ်ချမှတ်ခံရခြင်းသာဖြစ်ပါသည်။ **စာမျက်နှာ ၇ သို့** ❐

# အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် သတ်မှတ်သည့် ကိုဗစ်-၁၉ ရောဂါနှင့် မျောက်ကျောက်ရောဂါနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၂၆

အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်သည့် ကိုဗစ်-၁၉ ရောဂါနှင့် မျောက်ကျောက်ရောဂါတို့နှင့် ပတ်သက်၍ နီးနွယ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ် (၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါလှိုင်းကို လက်ရှိတွင် ထိန်းချုပ်ထားနိုင်သည့် အနေအထားတွင်ရှိသော်လည်း ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4 နှင့် BA.5 ကူးစက်မှုများသည် ကမ္ဘာ့နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများတွင် မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ BA.4 နှင့် BA.5 သည် ရောဂါပြင်းထန်မှုနည်းပြီး သေဆုံးမှုနည်းသော်လည်း ကူးစက်မှုနှုန်းမြင့်မားကြောင်း တွေ့ရှိရသဖြင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၊ မျိုးရိုးဗီဇသစ်ရှာဖွေခြင်း (Genomic Sequencing) လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ရန်လိုပါကြောင်း။

ယခုအချိန်တွင် ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ၌ ရောဂါပိုးတွေ့နှုန်း မြင့်တက်လာသဖြင့် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးခြင်းနှင့် ပတ်သက်သော လုပ်ငန်းလမ်းညွှန်များကို ပြင်ဆင်မှုများပြုလုပ်၍ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ရန်လိုအပ်ပြီး တစ်ပြိုင်နက်တည်းတွင် ပြည်သူလူထု၏ လူမှုစီးပွားဘဝ မထိခိုက်စေရန် ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ ရာသီတုပ်ကွေးရောဂါနှင့် မျောက်ကျောက်ရောဂါ ကာကွယ်ရေးနည်းလမ်းများသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများနှင့် သဘောသဘာဝအားဖြင့် တူညီသည့်အတွက် တစ်ဦးချင်းလိုက်နာရမည့် ရောဂါကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရန်အရေးကြီးပါကြောင်း၊ မျောက်ကျောက်ရောဂါသည် ယခင်က ဖြစ်ပွားလေ့မရှိသောနိုင်ငံများ (Non-endemic countries)၌ပါ ရောဂါပျံ့နှံ့လာသဖြင့် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေ (Public Health Emergency of International Concern) အဖြစ် ဇူလိုင် ၂၃ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ခဲ့ပြီး ရောဂါကူးစက်ဖြစ်ပွားနိုင်ခြေဆန်းစစ်ချက် (WHO Risk Assessment) အရ မြန်မာနိုင်ငံတွင် လတ်တလော ရောဂါကူးစက်ဖြစ်ပွားသူ မတွေ့ရှိရသေးပါသဖြင့် အုပ်စု(၁)တွင် ပါဝင်လျက်ရှိပြီး ပြည်ပနိုင်ငံများမှတစ်ဆင့် ရောဂါကူးစက်ဝင်ရောက်မှုမရှိစေရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့၏ အိမ်နီးချင်းနှင့် ကူးလူးဆက်ဆံမှုများပြားရာနိုင်ငံများဖြစ်သော အိန္ဒိယ၊ ထိုင်း၊ စင်ကာပူနိုင်ငံများတွင် မျောက်ကျောက်ရောဂါဖြစ်ပွားသူများတွေ့ရှိရသဖြင့် မျောက်ကျောက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးကို နီးနွယ်ဌာနများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ကြရန် အထူးလိုအပ်ကြောင်း၊ မျောက်ကျောက်ရောဂါအတွက် ကာကွယ်ဆေးရရှိရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်သော်လည်းကောင်း၊ အာဆီယံအဖွဲ့နှင့်သော်လည်းကောင်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာတိုးသီရိအောင်က ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေ သတ်မှတ်ထားရှိသည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာဉာဏ်ဝင်းမြင့်က မျောက်ကျောက်ရောဂါနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) သတင်းနည်းပညာဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက မိမိတို့ ဝန်ကြီးဌာနအလိုက် ပြင်ဆင်ထားရှိမှုများနှင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက နိဂုံးချုပ်လမ်းညွှန်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းဘူး(စကု)မြို့နယ်၌ ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြော

မင်းဘူး ဇူလိုင် ၂၆

မင်းဘူးခရိုင်ငါးလုပ်ငန်းဦးစီးဌာနနှင့် ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ငါးလုပ်ငန်းများရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို ဇူလိုင် ၂၅ ရက်က မင်းဘူးခရိုင် မင်းဘူး (စကု) မြို့နယ် နန်းတော်ကုန်းကျေးရွာအုပ်စု နန်းငွေသောင်ကျေးရွာ၌ ပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့သည်။

အဆိုပါပညာပေးဟောပြောပွဲတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာန တာဝန်ခံ ဦးသိန်းကိုကိုထွန်းက ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် ငါးရိက္ခာများ ပိုမိုရရှိစားသုံးနိုင်ရေးတို့အတွက် နည်းပညာပေးလုပ်ငန်းများဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများအား ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ဗီနိုင်းပိုစတာ စိုက်ထူခြင်းများဆောင်ရွက်ခဲ့သည်။ ဟောပြောပွဲသို့ နန်းငွေသောင်ကျေးရွာမှ ရေလုပ်သားများနှင့် ပြည်သူစုစုပေါင်း ၃၅ ဦး တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

■

❒ စာမျက်နှာ ၆ မှ

### အပြစ်မဲ့အမျိုးသမီးအား အကြမ်းဖက်နှိပ်စက်သတ်ဖြတ်ကြသူများ

အပြစ်မဲ့ပြည်သူ အမျိုးသမီးတစ်ဦးအား သူလျှို၊ ဒလန်ဟု စွပ်စွဲ၍ ညှဉ်းပန်းနှိပ်စက်ကာ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် လှမျိုးအောင် (ခ)ကိုမျိုး(ခ)ဝက်ကြီး၊ အောင်သူရဇော်(ခ)ကတုံး (ခ)သူရတို့သည် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ပြီး ပြစ်မှုထင်ရှားသဖြင့် သေဒဏ်ချမှတ်ခံခဲ့ရသူများဖြစ်သည်။ လှမျိုးအောင်နှင့် အောင်သူရဇော်တို့မှာ ပြီးခဲ့သည့် သီတင်းပတ်က သေဒဏ်စီရင်ခြင်း ခံရသည်။ ယင်းတို့ကိုလည်း သူရဲကောင်းများဟူ၍ ပြောဆိုသံများကို ကြားရသည့်အခါ ၎င်းတို့ သတ်ဖြတ်သဖြင့် အပြစ်မဲ့စွာသေဆုံးခဲ့ရသူ မဝင်းသန္တာဆွေ ကြားသိနိုင်မည်ဆိုလျှင် အလွန်တရာ အားနာဖွယ်ကောင်းလေစွ။

အများသံပုံးတီးကြသည့်အချိန်၊ သပိတ်မှောက်ကြသည့်အချိန် မပါဝင်မိသည့် လှိုင်သာယာမြို့နယ် အမှတ် (၇)ရပ်ကွက် အောင်မေတ္တာလမ်းရှိ မဝင်းသန္တာဆွေကို ရပ်ကွက်အတွင်း လူမိုက်အချို့က ဒလန်ဟု စွပ်စွဲခဲ့ကြသည်။ မိမိနှင့်မတူရန်သူဟု သတ်မှတ်သည့် အကြမ်းဖက်လူရမ်းကားတို့၏ သတ်ဖြတ်မှုကြောင့် အသက် (၃၁)နှစ်အရွယ်သာရှိသည့် မဝင်းသန္တာဆွေ ဓားဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သည်။ မသေဆုံးမီအချိန်အထိလည်း ကိုယ်စိတ်နှလုံးကို ညှဉ်းပန်းနှိပ်စက်ခဲ့ကြသေးသည်။

ဖြစ်စဉ်ကို လေ့လာကြည့်ရာ အကြမ်းဖက်သတ်ပစ်ခြင်းခံရသည့် အမျိုးသမီးကို ဘုန်းတော်ကြီးကျောင်းသို့ ခေါ်ယူချုပ်နှောင်၍ စစ်ဆေးကြပြီး ဘုန်းကြီးက လက်မခံသဖြင့် အောင်ချမ်းသာဓမ္မာရုံအတွင်း ထပ်မံချုပ်နှောင် စစ်မေးခဲ့ကြသည်။ နောက်တစ်ရက်၌ အိမ်ကိုပြန်ပို့ပြီး နေအိမ်အတွင်း သော့ခတ်ချုပ်နှောင်ခဲ့ကာ အိမ်သော့ကိုလည်း စတင်စွပ်စွဲရန်ပြုခဲ့သည့် အိမ်နီးချင်းအမျိုးသမီးများက သိမ်းထားခဲ့ပြန်သည်။ နှိပ်စက်သတ်ဖြတ်တော့မည့်နေ့ လူမိုက်လူရမ်းကားများက Hijet ကားဖြင့် လာရောက်ခေါ်ဆောင်ပြီး အိမ်နီးချင်းအမျိုးသမီးများနှင့် အမျိုးသားအချို့က သော့ဖွင့်ပေးကာ ဝမ်းသာအားရ ထည့်ပေးခဲ့ရာမှ တွံတေးသွားရာလမ်းမကြီး တစ်နေရာအရောက် ကားခေါင်းခန်းအတွင်း ဖမ်းဆီးခံရသည့် သေဆုံးသူကို ကားမောင်းသူ လှမျိုးအောင်က ကားရပ်ပြီး ဓားဖြင့် စတင်ထိုးကာ ကျန်သူကလည်း အပြင်ဆွဲချပြီး ဓားဖြင့် သေဆုံးချိန်အထိ အဆက်မပြတ် ထိုးနှံခဲ့ကြသည်။ ထို့အပြင် သတ်ဖြတ်ခြင်းကိုအားမရဘဲ သေဆုံးသူ၏ လက်ဝတ်လက်စားများကိုပါ ချွတ်ယူရောင်းချပြီး ပျော်ပါးခဲ့ကြသည်ဟု တရားခံများ၏ ထွက်ဆိုချက်များအရ သိရှိရသည်။

> “တော်လှန်ရေးအရှိန်မြှင့်ကြ”၊ “သွေးကြွေးသည် ဆွေးနွေးစရာမရှိ”၊ “ရန်ငါပြတ်ကြပြီ” ဟူသော ကွန်မြူနစ်ဆန်ဆန် စကားသံများကို လူလေးဦး သေဒဏ်ကျခံလိုက်ရသည့်သတင်းများ ထွက်ပေါ်လာချိန်တွင် ကျယ်ကျယ်ပြန့်ပြန့် ကြားရသည်။ ဖြိုးဇေယျာသော်နှင့် ဂျင်မီတို့ကြောင့် မိဘမဲ့ခဲ့ရသည့် ကလေးသူငယ်များ၊ သားသမီးများ ဆုံးရှုံးလိုက်ကြရသည့် မိဘများ၊ ဆရာမရှိတော့သည့် စာသင်ကျောင်းများအတွက်မူ ထည့်သွင်းမစဉ်းစားသင့်ဘူးလား။ အပြစ်ရှိ၍ အပြစ်ဒဏ်ခံရသူတို့ကို ကရုဏာမသက်ခင် သူတို့သတ်ဖြတ်ခဲ့သဖြင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့သူတို့၏ ငိုကြွေးတောင်းပန်သံကို မကြားချင်ယောင်ဆောင်နေခဲ့ကြသလားဟု မေးမြန်းကြည့်လို

**အပြစ်မဲ့သေဆုံးသူတွေအတွက် တရားမျှတမှု**

“တော်လှန်ရေးအရှိန်မြှင့်ကြ”၊ “သွေးကြွေးသည် ဆွေးနွေးစရာမရှိ”၊ “ရန်ငါပြတ်ကြပြီ” ဟူသော ကွန်မြူနစ်ဆန်ဆန် စကားသံများကို လူလေးဦး သေဒဏ်ကျခံလိုက်ရသည့် သတင်းများ ထွက်ပေါ်လာချိန်တွင် ကျယ်ကျယ်ပြန့်ပြန့် ကြားရသည်။ ဖြိုးဇေယျာသော်နှင့် ဂျင်မီတို့ကြောင့် မိဘမဲ့ခဲ့ရသည့် ကလေးသူငယ်များ၊ သားသမီးများ ဆုံးရှုံးလိုက်ကြရသည့် မိဘများ၊ ဆရာမရှိတော့သည့် စာသင်ကျောင်းများအတွက်မူ ထည့်သွင်းမစဉ်းစားသင့်ဘူးလား။ အပြစ်ရှိ၍ အပြစ်ဒဏ်ခံရသူတို့ကို ကရုဏာမသက်ခင် သူတို့ သတ်ဖြတ်ခဲ့သဖြင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့သူတို့၏ ငိုကြွေးတောင်းပန်သံကို မကြားချင်ယောင်ဆောင်နေခဲ့ကြသလားဟု မေးမြန်းကြည့်လိုပါသည်။

PDF တို့ကြောင့် အပြစ်မဲ့သည့် ပြည်သူများ ကျီးလန့်စာစားဘဝဖြင့် နေထိုင်နေကြရသည်။ သတင်းအတု၊ သတင်းယောင်များအကြား သောကများစွာဖြင့် အမှောင်ထုကို ဖြတ်သန်းနေကြရသည်။ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး စသည့် နေရာတိုင်းတွင် တားမြစ်နေကြသည်။ ခြိမ်းခြောက်အကျပ်ကိုင်နေကြသည်။ မတူညီသည့် အယူအဆရှိသူများမပြောနှင့် တူညီသူများကိုပင် ခြိမ်းခြောက်၊ ဓားပြတိုက်၊ လုယက်နေသည်ကို ပြည်သူများ အသိတရားရှိရှိဖြင့် စုပေါင်းညီညာစွာ ကာကွယ်တားဆီးရမည့်အချိန်ဖြစ်ပါသည်။

အကြမ်းဖက်ခြင်းနှင့် ဒီမိုကရေစီသည် ဆန့်ကျင်ဘက်တရားများပင်ဖြစ်ပါသည်။ နိုင်ငံတကာတွင်လည်း အကြမ်းဖက်ခြင်းကို လက်သင့်ခံခွင့်လွှတ်သည့် နိုင်ငံဟူ၍မရှိခဲ့။ တိုင်းပြည်အတွင်း ဖြစ်ပျက်သည့် အကြမ်းဖက်မှု (Terrorism) ပြစ်မှုများကို ပြည်တွင်းဥပဒေဖြင့် ကိုင်တွယ်ကြသည်ကို နိုင်ငံတကာတွင်လည်း မြင်တွေ့ရသည်။ ယခုလည်း ဥပဒေအတိုင်း အပြစ်ရှိသူတို့ ထိုက်သင့်သည့် အပြစ်ဒဏ်ကို ပေးအပ်ခဲ့ခြင်းဖြင့် အပြစ်မဲ့စွာ သေဆုံးသွားရသည့် ပြည်သူများအတွက် တရားမျှတမှုပင်ဖြစ်ကြောင်း။ ။

# နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) မိဘပြည်သူများသို့ အသိပေးပန်ကြားခြင်း

- မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများတွင် အငြိမ်းစားလစာထုတ်ယူသူ အငြိမ်းစားဝန်ထမ်းဦးရေ (၇) သိန်းကျော်ရှိပြီး အငြိမ်းစားလစာများကို လစဉ် ၂၁ ရက်နေ့မှစ၍ ထုတ်ယူလျက်ရှိကြသည်။
- မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် အငြိမ်းစားလစာထုတ်ယူမှု အဆင်ပြေချောမွေ့စေရေးအတွက် e-pension စနစ်ကို ၂၀၁၂ ခုနှစ်မှ စတင်အသုံးပြု ဆောင်ရွက်ပေးလျက်ရှိသည်။
- အငြိမ်းစားလစာငွေများကို မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသော ငွေစာရင်းမှထုတ်ယူခြင်း၊ ATM စာရင်းဖွင့်လှစ်၍ ATM စက်များမှ ငွေထုတ်ယူခြင်း၊ Myanmar Mobile Money (MMM) စနစ်နှင့် Wave Money စနစ်တို့ကို အသုံးပြု၍ထုတ်ယူခြင်း၊ Mobile Agent များမှတစ်ဆင့် ထုတ်ယူခြင်း စသည့်နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ကြောင်းကိုလည်း အသိပေးကြေညာထားပြီးဖြစ်သည်။
- မြန်မာ့စီးပွားရေးဘဏ်သည် အငြိမ်းစားလစာထုတ်ယူမှုများ အဆင်ပြေစေရန်အတွက် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လမှစ၍ ဘဏ်များတွင် e-pension စက်များ တိုးချဲ့တပ်ဆင်ပေးခြင်း၊ ငွေထုတ်ကောင်တာများတိုးချဲ့ပေးခြင်း၊ အငြိမ်းစားများစောင့်ဆိုင်းနိုင်ရန် နေရာထိုင်ခင်းများ စီစဉ်ပေးခြင်း၊ ငွေထုတ်ပေးမှု မြန်ဆန်စေရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ အငြိမ်းစားလစာထုတ်ပေးသည့်ရက်များတွင် ဘဏ်ဝန်ထမ်းများက ဘဏ်လုပ်ငန်းချိန်မတိုင်မီ နံနက် (၀၆:၀၀) နာရီမှစ၍ ဖွင့်လှစ်ပြီး အငြိမ်းစားလစာများအား ထုတ်ပေးခြင်း၊ နောက်လအတွက် ကြိုတင်တိုကင်ထုတ်ပေး၍ သင့်တော်သည့်နေ့ရက်၊ အချိန်ခွဲခြားဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။
- နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များ အငြိမ်းစားလစာထုတ်ယူမှုနှင့်ပတ်သက်၍ အခက်အခဲ တစ်စုံတစ်ရာရှိပါက သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများထံ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း မေတ္တာရပ်ခံအသိပေးပန်ကြားအပ်သည်။

**မြန်မာ့စီးပွားရေးဘဏ်**

## မန္တလေးတိုင်းဒေသကြီး၌ အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

မန္တလေး ဇူလိုင် ၂၆

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်းနှင့် အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားကို မဟာအောင်မြေမြို့နယ် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ရုံးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်မှ အမျိုးသမီးများ ဖွံ့ဖြိုးရေးအထောက်အကူပြုဖြစ်စေရေးအတွက် အဘက်ဘက်မှ ဆောင်ရွက်ပေးနေပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း၊ ရည်ရွယ်ချက်ချင်းတူညီသော လူမှုရေးအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာတို့ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပိုမိုထိရောက်အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ သင်တန်းသူများအနေဖြင့် မိမိတတ်ထားသည့် ပညာအလုပ်ကို တန်ဖိုးထားကာ အတွေ့အကြုံများရရှိအောင် ကြိုးစားလေ့လာနေရမည်ဖြစ်ကြောင်း၊ အရင်းအနှီးမရှိသေးသူ၏ အရင်းအနှီးမှာ ကြိုးစားခြင်းနှင့် ရိုးသားခြင်းဖြစ်ကြောင်း၊ အမျိုးသမီးများ ဘဝဖွံ့ဖြိုးတိုးတက်လာလျှင် နိုင်ငံတော်လည်း ဖွံ့ဖြိုးတိုးတက်လာမည်၊ နိုင်ငံတိုးတက်လာသည်နှင့်အမျှ အမျိုးသမီးများဘဝလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ဆန္ဒနှင့်ရည်ရွယ်ချက်တို့ဖြင့် ရည်မှန်းချက်ပန်းတိုင်ကို အရောက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာအောင်က သင်တန်းနှင့်ပတ်သက်၍လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်သန္တာဘုန်းဝင်းက ဆုရွေးချယ်ခြင်းနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများနှင့် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့သို့ ဂုဏ်ပြုငွေကျပ် ၁၀ သိန်းတို့ကို ချီးမြှင့်ပေးအပ်ကာ သင်တန်းသူများချုပ်လုပ်ထားသည့် အဝတ်အထည်များကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## တက္ကသိုလ်ဝင် စာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် ဇူလိုင် ၂၆

၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆုရစစ်သည်များ၊ ဆုရကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် လေးဘာသာဂုဏ်ထူးရှင် ၁၉ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၄၃ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် စစ်သည် ၁၅ ဦး၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် နိုင်ငံတကာအဆင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ၌ တတိယဆုနှင့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ် နိုင်ငံတကာအဆင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ၌ ဒုတိယဆုရရှိသူ တစ်ဦး၊ ပညာသင်ဆုရရှိသူ ခြောက်ဦးနှင့် ဘက်စုံထူးချွန်လူငယ်ဆုရရှိသူ တစ်ဦးတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆုချီးမြှင့်ပွဲအပြီးတွင် ဆုရစစ်သည်များနှင့် ကျောင်းသား ကျောင်းသူများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကဝမြို့နယ်၌ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ကဝ ဇူလိုင် ၂၆

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အောင်ကံလှိုင်ကျေးရွာအနီး အောင်နိမိတ် ဒီရေတော အဆိုပြုကြိုးပြင်ကာကွယ်တော အတွင်း၌ ဇူလိုင် ၂၆ ရက်တွင် ကျရောက်သည့် "အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့"အထိမ်းအမှတ် ဒီရေတောသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဆောင်သည့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် သစ်တောဦးစီးဌာနဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက စစ်တောင်းမြစ်ဝကမ်းပါးပြိုကျမှုများ ကာကွယ်ရန်နှင့် ဒီရေတောဂေဟစနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဖြူးခြေထောက်(အဖို)ပျိုးပင် ၁၈၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

၂၂



## ပြည်သူ့ဆက်ဆံရေး ဘာသာရပ်သင်တန်း အမှတ်စဉ်(၂/ ၂၀၂၂)သင်တန်းဖွင့်လှစ်

မအူပင် ဇူလိုင် ၂၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ကြီးမှူးကျင်းပသည့် ပြည်သူ့ဆက်ဆံရေး ဘာသာရပ်သင်တန်း အမှတ်စဉ်(၂/၂၀၂၂)သင်တန်းကို ယနေ့ညနေပိုင်းက အဆိုပါ ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

ရှေးဦးစွာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးမျိုးလွင်ဦးက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်သူဇာလှိုင်နှင့် ခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးလွင်ဦးတို့က သင်ကြားပို့ချခဲ့သည်။

အဆိုပါ သင်တန်းကို မအူပင်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ ဌာနတွင်းဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၂၅ ရက်မှ ၂၉ ရက်အထိဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မိဘပြည်သူများသို့ အသိပေးကြေညာ

အသက်(၁၆)နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများအား (၃-၅-၂၀၂၁) မှ(၃-၁၁-၂၀၂၂)နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာနေရာများတွင်လည်းကောင်း၊ နိုင်ငံသားကတ်(မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ်(မှတ်ပုံတင်)အား (၁-၄-၂၀၂၂) နေ့ (၀၆:၀၀)နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ်(မှတ်ပုံတင်)အစား ထောက်ခံစာများအား ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတုကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိ ကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## (၁၁) ကြိမ်မြောက်
## တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ
## The 11th Traditional Medicine Research Congress
## ၂၀၂၂ ခုနှစ် ၊ ဇူလိုင်လ ၂၇-၂၈ ရက်နေ့

❑ **နိုင်ငံတော်မှ**

ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၏ ဇူလိုင် ၁၀ ရက်မှ ၁၆ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်နှင့်ပတ်သက်သည်များ၊ ရုရှား-မြန်မာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းခဲ့မှု၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်နှင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာချက်များအပေါ် မဟုတ်မမှန် ကောလာဟလ ဝေဖန်ချက်များ၊ နိုင်ငံတော်မှ နိုင်ငံ့ဝန်ထမ်း(အမြဲတမ်းဝန်ထမ်းများကို အိမ်ငှားစရိတ်အဖြစ် အိမ်ထောင်သည်ဖြစ်ပါက မူရင်းလစာ၏ ၈ ရာခိုင်နှုန်းနှင့် လူပျိုဖြစ်ပါက ၄ ရာခိုင်နှုန်း)ကို ထောက်ပံ့ပေးမည့် အစီအစဉ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ပင်ပန်းကြမ်းတမ်းမှုနှင့် သက်စွန့်တာဝန်စရိတ် ကျပ် ၁၀၀၀၀ ကို လစဉ်ထောက်ပံ့ပေးသွားမည့် အစီအစဉ်၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အတိုးနှုန်းသက်သာသည့် ချေးငွေများ ထုတ်ချေးပေးသွားမည့် အစီအစဉ်။

ပြည်ဖျက်မီဒီယာအချို့နှင့် အကြမ်းဖက်အဖွဲ့များ လုပ်ကြံဖန်တီးထားသည့် ပျူစောထီးဟူသည့် အသုံးအနှုန်းအကြောင်း၊ ပျူစောထီးဖြစ်ပေါ်လာပုံ သမိုင်းကြောင်း၊ အစိုးရနှင့် တပ်မတော်အနေနှင့်ပါ ဖဆပလကဲ့သို့ ဒီမိုကရေစီအရေခြုံ အာဏာရှင်စနစ် ထူထောင်ရန် ခါးပိုက်ဆောင်တပ် ပျူစောထီးကို ဖွဲ့စည်းခဲ့ခြင်းမရှိဘဲ တပ်မတော်အနေဖြင့် တည်ဆဲဥပဒေများအရ ဒေသခံပြည်သူလူထုက ၎င်းတို့၏



(၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများအား တက်ရောက်လာကြသူများက လေ့လာကြည့်ရှုကြစဉ်။

ကျေးရွာ၊ ရပ်ကွက်များ လုံခြုံရေးအတွက် ပြည်သူ့စစ်ဖွဲ့စည်းခွင့် တင်ပြလာပါက ဖွဲ့စည်းခွင့်စိစစ်ခြင်း၊ ဖွဲ့စည်းခွင့်ပြုခြင်း၊ လိုအပ်သည့် လက်နက်တပ်ဆင်ပေးခြင်း၊ စစ်မြေပြင် စည်းကမ်းနှင့် စစ်သင်တန်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ။

**ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးနိုင်ရေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းချက်၏ ရလဒ်အနေဖြင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသည့် လက်နက်ကိုင်အဖွဲ့ နှစ်ဖွဲ့ စုစုပေါင်း ကိုးဖွဲ့က နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး အဆိုပါ အဖွဲ့များနှင့် ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း တွေ့ဆုံဆွေးနွေးရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိမှု။

တပ်မတော်နှင့် AA အဖွဲ့တို့အကြား ၂၀၂၀ ပြည့်နှစ်မှစ၍ ပစ်ခတ်တိုက်ခိုက်မှု လုံးဝနီးပါးမရှိခဲ့ဘဲ ငြိမ်းချမ်းရေးတစ်စိတ်တစ်ပိုင်း တည်ဆောက်နိုင်ခဲ့သော်လည်း AA အဖွဲ့အနေဖြင့် ပြီးခဲ့သည့်လအချို့မှစတင်၍ အပြစ်မဲ့ပြည်သူတချို့ကို ဖမ်းဆီးခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဖမ်းဆီးခြင်းများ စတင်လုပ်ဆောင်လာခဲ့ပြီး တစ်ချိန်တည်းတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုကို မလိုလားသော ပြည်ဖျက်အချို့ကလည်း သတင်းတု၊ သတင်းမှားများဖြင့် တစ်ဖက်နှင့်တစ်ဖက် အထင်အမြင်လွဲမှားစေရန်နှင့် သံသယစိတ်များဖြင့် စစ်မီးတောက်စေရန် တွန်းပို့ခဲ့ကြသည့် ကိစ္စရပ်များ၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ KNU အဖွဲ့အတွင်း ကွဲလွဲမှုအချို့ဖြစ်ပေါ်နေပြီး ငြိမ်းချမ်းစေလိုသည့် စိတ်ရှိသူများနှင့် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းလိုသူများလည်း ရှိသည်ဖြစ်ရာ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုချင်သူများအား လာရောက်ဆွေးနွေးနိုင်ရန် တံခါးဖွင့်ထားလျက်ရှိမှု၊ NUG အမည်ခံ အကြမ်းဖက်အဖွဲ့က ထူထောင်ထားသည့် တရားမဝင်ပညာရေးကျောင်းဖြစ်သော Kaung for You Online ပညာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဆက်စပ်မှုများကို ဗီဒီယိုဖိုင်များ၊ Power Point Presentation များဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများအား စစ်ဆေးဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းများ အပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို Power Point Presentation ဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းပြောကြားပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများ မှီငြမ်းကိုးကားနိုင်ရေးအတွက် သတင်းစာရှင်းလင်းပွဲဆိုင်ရာ အချက်အလက်များနှင့် ရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသထားရှိရာ တက်ရောက်လာကြသူများက လိုက်လံကြည့်ရှုလေ့လာခဲ့ကြကြောင်းနှင့် သတင်းစာရှင်းလင်းပွဲ ပြုလုပ်မှု၊ မေးမြန်းဖြေကြားမှု အပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကျောက်ဖြူမြို့ရှိ ကျောက်တစ်လုံး IDPs စခန်း၌ ခိုလှုံနေသည့် အသက် ၅ နှစ်မှ ၁၂ နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံ

**ကျောက်ဖြူ ဇူလိုင် ၂၆**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDPs စခန်း၌ ခိုလှုံနေကြသည့် အသက် ၅ နှစ်မှ ၁၂ နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူများကို ယနေ့ နံနက်ပိုင်းက ကျန်းမာရေးဌာနမှ ဝန်ထမ်းများက အဆိုပါ ခိုလှုံရာစခန်းသို့ သွားရောက်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ပြန်လည်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ IDPs စခန်းသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းများ ဆောင်ရွက်ရာတွင် ယင်းစခန်းမှ ဆရာ ဆရာမများနှင့် စေတနာ့ဝန်ထမ်းများက စာရင်းမှတ်တမ်း ရေးသွင်းကောက်ယူခြင်း၊ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခြင်းများပြုလုပ်ပြီး ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးကာ ပုံမှန်အခြေအနေရှိသူများသာ ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ကာကွယ်ဆေးများကို ထိုးနှံပေးသည်။

ယင်းသို့ ကျောက်တစ်လုံး ခိုလှုံရာစခန်းအတွင်းရှိ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၄၇ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံထားပြီးဖြစ်ကာ ယနေ့တွင် ဒုတိယအကြိမ် ပြန်လည်ထိုးနှံပေးခြင်းဖြစ်သည်။ ထို့အပြင် ယနေ့တွင် ငလပွေ့ အလကကျောင်းနှင့် အောက်ရွာ အမကကျောင်းမှ အသက် ၅ နှစ်မှ ၁၂ နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူများကိုလည်း အဆိုပါ ကျောင်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ဆင်ခြင်မှုမဲ့အမှားများကြားက မျှော်လင့်ချက်လမ်းစများ . . .

**သေချာတွေးကြည့်ရင် အနောက်ဥရောပနိုင်ငံတွေ၊ အီးယူနိုင်ငံတွေအပေါ် မိတ်ဆွေမပီသတဲ့နိုင်ငံ၊ တစ်နည်း ရန်သူလို့ဆိုနိုင်လောက်တဲ့နိုင်ငံဟာ အမေရိကန်ကိုယ်တိုင်ပဲလား။ မြင်ကြည့်ဖို့လိုပါမယ်။ အခုပဲကြည့်လေ စစ်ပွဲကြားကပဲ မျှော်လင့်ချက်သစ်တစ်ခုလား၊ ငြိမ်းချမ်းရေး ရောင်ခြည်လေလား။ ရှားရှားပါးပါး ရုရှားအစိုးရနဲ့ ယူကရိန်းအစိုးရအကြား တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မှာ လက်မှတ်ရေးထိုး သဘောတူညီချက်တစ်ခုကို ၂၂ - ၇ - ၂၀၂၂ ရက်နေ့က ပြုလုပ်နိုင်ခဲ့တယ်လို့ သိရပါတယ်။**

မြင့်မြတ်

အခိကက နေတိုးအဖွဲ့ဝင် တူကီယဲနိုင်ငံနဲ့ ကုလသမဂ္ဂတို့ရဲ့ ကြားဝင်ဆောင်ရွက်ပေးမှုတွေနဲ့အတူ ယူကရိန်းပြည်သူတွေနဲ့ အနောက်ဥရောပအပါအဝင် ကမ္ဘာ့ပြည်သူသန်းပေါင်းများစွာရဲ့ အငတ်ဘေး မဆိုက်ရောက်နိုင်ရေး ကြိုးပမ်းလိုက်ကြရတဲ့ အသီးအပွင့်တစ်ခုဟာ ယခုအခါ ပေါ်ထွက်လာပြီလို့ ဆိုနိုင်ပါတယ်။

**အငတ်ဘေးဖြေရှင်းနိုင်မယ့် ရုရှား - ယူကရိန်းသဘောတူညီမှုတစ်ခု**

ဒီသဘောတူညီချက်က ကမ္ဘာ့ပြည်သူတွေအတွက် လိုအပ်နေတဲ့ ယူကရိန်းရဲ့ ဆန်၊ ဂျုံ၊ ပြောင်း ရိက္ခာနဲ့ စားသောက်ကုန်တွေကို ပင်လယ်နက် ထွက်ပေါက်ကတစ်ဆင့် လွတ်လွတ်လပ်လပ် တင်ပို့နိုင်ဖို့ လမ်းပွင့်သွားစေခဲ့ပါတယ်။ အပြန်အလှန်အားဖြင့် သပိတ်မှောက် sanction အလုပ်ခံထားရတဲ့ ရုရှားကုန်စည်တွေလည်း ပြန်လည် တင်ပို့လို့ရပြီဆိုတဲ့သဘောကို တွေ့ရပါတယ်။ ဒါကြောင့် SWIFT ဆိုတဲ့ နိုင်ငံတကာ ငွေပေးချေလွှဲပြောင်းနိုင်တဲ့ ကွန်ရက်စနစ်ကနေ ရုရှားဘဏ်တွေကို ဖယ်ထုတ်ပိတ်ဆို့ထားရာက ရုရှားကိုပြန်ပြီး ခွင့်ပြုရတော့မှာဖြစ်ပါတယ်။

ရုရှားဘဏ်တွေ ban ခံထားရတဲ့အတွက် ရုရှားရဲ့ ပို့ကုန်သွင်းကုန်တွေအတွက် ငွေပေးငွေယူ အချေးအငှား ရှင်းနီးမြှုပ်နှံမှုတွေမှာလည်း အတော်အထိနာခဲ့ရတယ်။ ဒါကြောင့်လည်း ဒီလိုသက်ရောက်မှုအပေါ် တန်ပြန်သက်ရောက်မှုတွေက ကြီးမားခဲ့ရတာပါ။ အားလုံးလည်း ထိခိုက်ခဲ့ရပါတယ်။ အခုတော့ ထိခိုက်မှုတွေကို ကုစားဖို့ သင်ခန်းစာရကြပြီထင်ပါရဲ့။ ဒါကို အမေရိကန်ကလည်း သဘောတူတယ်ဆိုတော့ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမှာ တိုးတက်မှုတစ်ခုလို့တော့ ဆိုနိုင်လောက်ပါတယ်။

အင်္ဂလိပ်အခက် - ဗမာအချက် ဆိုသလိုပါပဲ။ SWIFT နဲ့ အလုပ်မဖြစ်တဲ့ ရုရှားနိုင်ငံအဖို့ တရုတ်နိုင်ငံရဲ့ CIPS နယ်ခြားဖြတ်ကျော် ငွေပေးချေတဲ့စနစ်တစ်ခုကိုတော့ မဖြစ်မနေသုံးစွဲရတော့မယ်လို့ သုံးသပ်နေကြပါပြီ။ ဘာပဲဖြစ်ဖြစ် ဒါဟာလည်း တိုးတက်မှုလမ်းအသစ်တစ်ခုအနေနဲ့ ထွက်ပေါ်လာနေပြီလို့ ဆိုနိုင်ပါတယ်။

**အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်းရဲ့ သတိပေးချက်**

အမေရိကန်က မီးမွှေးလို့ ဖြစ်ရတဲ့စစ်ပွဲမှာ ကြားခံ proxy ဖြစ်ရတဲ့ ယူကရိန်းနိုင်ငံနဲ့ ယူကရိန်းအစိုးရအပါအဝင် ကမ္ဘာကြီးဟာ စစ်ရဲ့ အခိကတရားခံကို မြင်သင့်နေပါပြီ။ အမေရိကန်ရဲ့နောက်ကလိုက်ပြီး ကြိုးဆွဲရာကမိတဲ့ အီးယူတစ်သိုက်အနေနဲ့လည်း ကြီးမားလှတဲ့ အဆုံးအရှုံးတွေနဲ့အတူ သင်ခန်းစာရသင့်နေပါပြီ။ အမေရိကန်ခေါင်းဆောင်တွေနဲ့ နေတိုးအဖွဲ့ဟာ ရုရှားနဲ့ မပြီးဆုံးနိုင်တဲ့ ထိပ်တိုက်ရင်ဆိုင်မှုတွေကိုချပြပြီး ယူကရိန်းမှာ ဆင်ခြင်တုံတရားမဲ့တဲ့ စစ်ပွဲကို ဖန်တီးခဲ့ကြပါတယ်။

ဒီလိုဖြစ်လာနိုင်တယ်လို့လည်း လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကတည်းက အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟင်နရီကစ်ဆင်ဂျာက ကြိုတင်သတိပေးပြီးသားပါ။ ဒီလိုသာ အဆင်အခြင်မဲ့ဆက်ပြီး ထိပ်တိုက်ရင်ဆိုင်တဲ့လမ်းကို ဆက်သွားနေကြမယ်ဆိုရင် အမေရိကန်နဲ့ တရုတ်ကြားမှာလည်း ယူကရိန်းစစ်ထက်ပိုကြီးမားတဲ့ ပဋိပက္ခကြီးတွေ ဆက်တိုက်ဖြစ်လာနိုင်တယ်လို့ အသက် (၉၉) နှစ်ရှိ နိုင်ငံရေးသုခမိန်ကြီး ကစ်ဆင်ဂျာက လွန်ခဲ့တဲ့ သုံးရက်ခန့်က ထပ်မံသတိပေးခဲ့ပြန်ပါပြီ။ ဒီအချက်ကို သမ္မတ ဂျိုးဘိုင်ဒင်နဲ့ သူ့ရဲ့အစိုးရအရာရှိတွေ အလေးအနက်ထားသင့်ပါတယ်။

ဘာကြောင့် ဒီလို နိုင်ငံရေးသုခမိန်ကြီးရဲ့ သတိပေးချက်ကို ပြောရသလဲဆိုတော့ အမေရိကန်အနေနဲ့ ယူကရိန်းစစ်ပွဲမှာ သူထင်သလိုမဖြစ်၊ သူ့ရဲ့ဩဇာက ကမ္ဘာမှာ ကျဆင်းနေ၊ ပြည်တွင်းမှာလည်း သမ္မတ တစ်ယောက်အပေါ် ပြည်သူရဲ့ထောက်ခံမှု အနိမ့်ဆုံးဖြစ်၊ စီးပွားရေး၊ နိုင်ငံရေး ကမောက်ကမတွေနဲ့ လုပ်တိုင်းမဖြစ် ထင်တိုင်းမပေါက်တဲ့အခြေအနေမှာ အရှုံးကို အဖတ်ဆယ် အာရုံပြောင်းလှည့်လာတာက အာရှတိုက်ဘက်ဖြစ်နေတယ်။ တရုတ်နဲ့ တရုတ်(ထိုင်ပေ)ကို ဆက်ပြီးမီးမွှေးမယ့်အနေအထားတွေကို တွေ့လာရပါတယ်။ ဒီလိုအခြေအနေတွေကြားမှာပဲ နိုင်ငံခြားရေးဝန်ကြီးဟောင်းရဲ့ သတိပေးမှုနဲ့အတူ ယခုလို ယူကရိန်းနဲ့ရုရှားကြားသဘောတူညီမှုသေးသေးလေးကို ကြားသိရခြင်းဟာဖြင့် ကမ္ဘာ့ပြည်သူတွေအတွက် မျှော်လင့်ချက် ရေးရေးလေးတစ်ခု တွေ့လိုက်ရသလိုပါပဲ၊ အားတက်စရာလည်း ဖြစ်ခဲ့ပါတယ်။

**အင်္ဂလန်ဝန်ကြီးချုပ်ဟောင်းရဲ့မှတ်ချက်ကလည်း သတိပြုစရာ**

အမေရိကန်နဲ့ အနောက်အုပ်စုတို့ ထင်သလိုဖြစ်မလာဘူးလို့ ဘာကြောင့်ပြောရသလဲဆိုတော့ ဒီအချက်ကို အင်္ဂလန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲရဲ့ ပြောစကားက သက်သေခံနေလို့ဖြစ်ပါတယ်။ ဇူလိုင်လ ၁၈ ရက်နေ့က လန်ဒန်ဖိုရမ်တစ်ခုမှာ ဝန်ကြီးချုပ်ဟောင်းရဲ့ ပြောစကားမှာပါဝင်တဲ့ အနောက်အုပ်စုရဲ့ လွှမ်းမိုးမှုဟာ နိဂုံးချုပ်ပြီဖြစ်ပြီး တရုတ်နဲ့ ရုရှားဟာ ပူးပေါင်းမိပြီး ကမ္ဘာကိုလွှမ်းမိုးလာတော့မယ်၊ ကမ္ဘာကြီးဟာ အမေရိကန်နဲ့ အနောက်အုပ်စုအလိုကျ world order ဖြစ်နေတဲ့ uni- polar ကနေ Bi- polar သို့မဟုတ် multi- polar အထိ အရွေ့တွေ တွေ့နေရပြီဆိုတဲ့မှတ်ချက်ဟာ အမေရိကန်နဲ့ အနောက်အုပ်စုအတွက် သတိပေးတပ်လှန့်သံတစ်ခု ဖြစ်နေပါတယ်။

ဒါပေမဲ့ ဒီလိုဖြစ်လာရင်လည်း စိုးရိမ်စရာတစ်ခုတော့ မဟုတ်ပါဘူး၊ ကမ္ဘာကြီးကို နိုင်ငံအားလုံးပါဝင်ပြီး အတူတကွပူးပေါင်းဆောင်ရွက်ကြမယ့် အရွေ့ဟာ သူတစ်လူ ငါတစ်မင်း တစ်ဦးတည်းကြီးစိုးပြီး မောက်မာလွှမ်းမိုးတဲ့ လမ်းစဉ်ထက်တော့ ပိုကောင်းမယ်လို့ ယူဆနိုင်လို့ ဖြစ်ပါတယ်။

**အဆင်အခြင်မဲ့အမှားက သက်ရောက်မှုပိုကြီးမား**

ရုရှား - ယူကရိန်းစစ်ရဲ့ ကမ္ဘာကြီးအပေါ် သက်ရောက်မှုတွေက ကြီးမားလွန်းလှပါတယ်။ ရုရှားအနေနဲ့တော့ ၂၀၁၄ ခုနှစ် ကရိုင်းမီးယားအရေးပြီးကတည်းက အမေရိကန်နဲ့ အနောက်အုပ်စုရဲ့ ပိတ်ဆို့မှုကို ရင်ဆိုင်ရင်း အကောင်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင်ထားခဲ့တယ်လို့ ယူဆနိုင်ပါတယ်။ စီးပွားရေးပိတ်ဆို့မှုမှန်သမျှ ခံနိုင်ရည်ရှိရှိနဲ့ တုံ့ပြန်နိုင်အောင် အဖြေရှာပြီး ဒေါ်လာအပေါ် မှီခိုမှုနည်းနိုင်သမျှနည်းအောင် ပြင်ဆင်ထားပုံရပါတယ်။ နိုင်ငံခြားငွေနဲ့ ရွှေကို အရန်ငွေအဖြစ် စံချိန်တင်ထားပြီး ရူဘယ်လ် တန်ဖိုးကျမသွားအောင်ထိန်းထားနိုင်တာ တွေ့ရပါတယ်။ ဒီလိုပြဿနာတွေကို ဗျူဟာကျကျ ကြိုတင်ပြင်ဆင်နိုင်မှုအားနည်းတဲ့ နိုင်ငံငယ်တွေ အထူးသဖြင့် ဆင်းရဲတဲ့နိုင်ငံတွေဟာ ပိုပြီးခံစားရပါတယ်။ နိုင်ငံငယ်တွေ ပိုထိတယ်ဆိုပေမယ့်လည်း နိုင်ငံကြီးတွေလည်း မလွတ်ပါဘူး။

အထူးသဖြင့် ရုရှားကို အလုံးစုံနီးပါး ပိတ်ဆို့ခဲ့တဲ့ EU ရဲ့ ဗျူဟာအမှား၊ အဆင်အခြင်မဲ့အမှား၊ သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုရှိတဲ့သဘောတရားကို မေ့ဟဖုံးနေတဲ့ အနောက်အုပ်စုခေါင်းဆောင်တွေ သတိလက်လွတ်ဖြစ်သွားပုံရပါတယ်။ ဟန်ဂေရီနိုင်ငံကလွဲပြီး ဆိုးကျိုးသက်ရောက်နိုင်မှုတွေကို တွက်ချက်နိုင်ခဲ့ပုံမရကြဘူး။ အမှန်လည်း အံ့ဩစရာကောင်းလှပါတယ်၊ စွမ်းအင်အမြောက်အမြားပိုင်ဆိုင်ထားတဲ့ အင်အားကြီးနိုင်ငံတစ်နိုင်ငံကို ပိတ်ဆို့ပြီး ပြဿနာရှာရင် ဖြစ်လာမယ့်နောက်ဆက်တွဲတွေကို ရုရှားရဲ့ စွမ်းအင်ကို ၃၈ ရာခိုင်နှုန်းကနေ ၄၀ ရာခိုင်နှုန်းလောက်အထိ မှီခိုနေရတဲ့ ၂၇ နိုင်ငံသော အနောက်နိုင်ငံတွေ မတွက်ဆမိတာ အမှားကြီးမှားတာပါပဲ။ အထူးသဖြင့် ဂျာမနီနဲ့ အီတလီပေါ့၊ ယခုတော့ စွမ်းအင်ငတ်မွတ်မှုပြဿနာနဲ့အတူ ငွေကြေးဖောင်းပွမှု၊ အလုပ်လက်မဲ့ပြဿနာနဲ့ ကုန်ဈေးနှုန်းတွေ မတန်တဆကြီးမြင့်မှုဒဏ်တွေကို ကမ္ဘာ့ပြည်သူတွေ ခါးစည်းခံနေကြရပြီဆိုတာ လက်တွေ့မြင်နေရပြီဖြစ်လို့ပါပဲ။

**အကျပ်အတည်းကာလမှာ ကိုယ့်ဘာသာကိုယ် ရပ်တည်နိုင်တာ အကောင်းဆုံး**

ဒါ့အပြင် စစ်ကြောင့်ဒုက္ခသည်တွေ အရေးလည်း ရှိပါသေးတယ်။ အရှေ့အလယ်ပိုင်းနဲ့ အာဖရိကက ဒုက္ခသည်တွေအပြင် ယခု ခုနစ်သန်းခန့်အထိ တိုးပွားလာနေတဲ့ ယူကရိန်းဒုက္ခသည်တွေအရေးပါ တနင့်တပိုးကြီးထမ်းပိုးရတော့မယ့် EU နိုင်ငံတွေရဲ့ အနေအထားဟာ ရင်လေးစရာပါပဲ။ အံ့ဩရတာက ဒီလိုနောက်ဆက်တွဲပြဿနာတွေ ဖြစ်လာနိုင်မယ့်အရေး အနောက်ဘက်က နိုင်ငံရေးသုခမိန်တွေ မစဉ်းစားမိကြဘူးလား၊ မစဉ်းမိတာမဟုတ်၊ အမေရိကန်ရဲ့ အရိပ်အောက်မှာ မှီခိုနေရပြီး အမှောင်ဖုံးနေကြလို့သာ မစဉ်းစားနိုင်ကြတာဖြစ်မယ်လို့ တွေးမိပါတယ်။

ဘာကြောင့် ဒီနိုင်ငံတွေဟာ အမေရိကန်ကြီးကို ဒီလောက်အမှီသဟဲပြုနေရသလဲ။ ဖြစ်နိုင်တဲ့ အချက်တစ်ချက်က အထင်ကြီးလောက်စရာ ကမ္ဘာ့စူပါပါဝါကြီးဆိုတဲ့အချက်နဲ့ ငါတို့နိုင်ငံမှာ ဘယ်လိုအခက်အခဲပဲရှိရှိ ဒီစူပါပါဝါကြီးက အားလုံးကို ဖြေရှင်းပေးနိုင်စွမ်းတယ်လို့ ယုံကြည်နေတာရယ်၊ နောက်တစ်ချက်က နိုင်ငံအတော်များများအပေါ်မှာ အမေရိကန်ဘက်က ပေးဆပ်ဖို့တင်ရှိနေတဲ့ အကြွေးတွေ ပြန်မရမှာ စိုးရိမ်နေရတဲ့အချက်တွေကြောင့် ဒီနိုင်ငံတွေဟာ အမေရိကန်ပြောသမျှ လိုက်လုပ်နေရတဲ့အခြေအနေမှာ မှီခိုနေရတာဖြစ်ပါတယ်။

ဘာပဲဖြစ်ဖြစ် ယခုလို စီးပွားရေးကျဆင်းနေတဲ့အချိန်၊ စစ်ပွဲတွေနဲ့ မပြီးဆုံးသေးတဲ့ ကိုဗစ်ကပ်ကြီးနဲ့အတူ မသေချာမရေရာမှုတွေ ပြည့်နေတဲ့အချိန် ယခုလို အကျပ်အတည်း ကာလတစ်ခုမှာ တစ်ပါးနိုင်ငံအပေါ်မှာ အနှောင်အဖွဲ့ကင်းကင်း အမှီအခိုနည်းနိုင်သမျှ နည်းစွာနဲ့ ရပ်တည်နိုင်မှသာလျှင် မိမိတို့ရဲ့မူဝါဒတွေကို လွတ်လွတ်လပ်လပ် ချမှတ်နိုင်တဲ့ သေချာတဲ့အခွင့်အရေးဆီ ရှေးရှုလို့ရနိုင်တယ်ဆိုတာ ဒီစစ်ပွဲကနေ သင်ခန်းစာယူရပါလိမ့်မယ်။

**စီးပွားရေးဆိုးကျိုးသက်ရောက်မှုမှ နိုင်ငံရေးအနုတ်လက္ခဏာသို့**

သက်ရောက်မှုက စီးပွားရေးတစ်ခုမှာတင်မပြီးပါဘူး၊ စီးပွားရေးနဲ့အတူ နောက်ဆက်တွဲ နိုင်ငံရေးအပေါ် ဆိုးကျိုးသက်ရောက်မှုတွေကိုလည်း မြင်နေခဲ့ရပါပြီ။ အနောက်အုပ်စုက အချို့နိုင်ငံတွေရဲ့ အထင်ကရခေါင်းဆောင်တွေ ပြုတ်ကျနေပါတယ်။ ရုရှားကို အပြင်းထန်ဆုံး ဝေဖန်တိုက်ခိုက်ပြီး အမေရိကန်ကို အထောက်ခံဆုံး အင်္ဂလန်ဝန်ကြီးချုပ် ပြုတ်ကျသွားခဲ့ရပါပြီ။ EU ကို ပြန်လည်ကယ်တင်ရေး အကျိုးဆောင်ကြီး အီတလီဝန်ကြီးချုပ်လည်း နုတ်ထွက်ခဲ့ရပါတယ်။ အက်စ်တိုးနီးယားဝန်ကြီးချုပ်လည်း ရာထူးစွန့်ခဲ့ရပါပြီ။

အီတလီဝန်ကြီးချုပ် နုတ်ထွက်ခဲ့ရခြင်းဟာ ၈ ဒသမ ၃ ရာခိုင်နှုန်းခန့် ငွေဖောင်းပွမှုမြင့်တက်နေတဲ့ EU တစ်ဖွဲ့လုံးကို လှိုင်းလေထန်သွားစေတယ်လို့ဆိုပါတယ်။ အစိုးရများသာမက နိုင်ငံသားတွေဟာ သူတို့ရဲ့လူမှုစီးပွားဘဝတွေ ပျက်သုဉ်းမှာကို ကြောက်နေကြရတယ်ဆိုတာ သိသာပါတယ်။ စီးပွားမလှရတဲ့ကြားထဲ သူတို့နိုင်ငံတွေပါ စစ်ပွဲထဲပါဝင်လာပြီး လုံခြုံရေးအရ လုံလုံခြုံခြုံမရှိလှတဲ့ အခြေအနေဆိုးကို ရင်မဆိုင်ရဲကြပါဘူး။ တောင်အာရှက သီရိလင်္ကာဆိုရင်လည်း စီမံခန့်ခွဲမှုအမှားတွေနဲ့ စီးပွားရေးပြိုလဲပြီး တစ်ဆက်တည်း နိုင်ငံရေးကတိမ်းကပါးနဲ့ သမ္မတပါ သူ့နိုင်ငံကို စွန့်ခွာရတဲ့ဘဝ ရောက်သွားရရှာပါတယ်။

စာမျက်နှာ ၁၁ သို့

**ဒီသဘောတူညီချက်က ကမ္ဘာ့ပြည်သူတွေအတွက် လိုအပ်နေတဲ့ ယူကရိန်းရဲ့ ဆန်၊ ဂျုံ၊ ပြောင်း ရိက္ခာနဲ့ စားသောက်ကုန်တွေကို ပင်လယ်နက်ထွက်ပေါက်ကတစ်ဆင့် လွတ်လွတ်လပ်လပ်တင်ပို့နိုင်ဖို့ လမ်းပွင့်သွားစေခဲ့ပါတယ်။ အပြန်အလှန်အားဖြင့် သပိတ်မှောက် sanction အလုပ်ခံထားရတဲ့ ရုရှားကုန်စည်တွေလည်း ပြန်လည်တင်ပို့လို့ရပြီဆိုတဲ့သဘောကို တွေ့ရပါတယ်။ ဒါကြောင့် SWIFT ဆိုတဲ့ နိုင်ငံတကာငွေပေးချေလွှဲပြောင်းနိုင်တဲ့ ကွန်ရက်စနစ်ကနေ ရုရှားဘဏ်တွေကို ဖယ်ထုတ်ပိတ်ဆို့ထားရာက ရုရှားကိုပြန်ပြီး ခွင့်ပြုရတော့မှာဖြစ်**



## နေကြာသီးနှံသည် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် အထောက်အကူပြု

**မကွေး ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး ဆီထွက်သီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁၃/ ၂၀၂၂)ကို ယမန်နေ့ မွန်းလွဲ ၁ နာရီက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဒုတိယအရေးပါ**

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က စားသုံးဆီမှာ ဆန်ပြီးလျှင် ဒုတိယအရေးပါသော အခြေခံစားကုန်ဖြစ်၍ ဆီဖူလုံရေးသည် အရေးပါလျက်ရှိပြီး စားသုံးဆီဖူလုံရေးအတွက် နေကြာသီးနှံသည် စိုက်ပျိုးထုတ်လုပ်မှုစရိတ် နည်းပါးခြင်း၊ အပျက်အစီးနည်းခြင်း၊ အထွက်နှုန်းနှင့် တစ်ဧက ဆီထွက်နှုန်းကောင်းခြင်းတို့ကြောင့် ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် အထောက်အကူပြုသည့် သီးနှံဖြစ်၍ မိမိတို့တိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံနေကြာအား တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးနှင့် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးမှူးတို့၏ လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေးမှုများနှင့် တက်ရောက်လာသူများ၏ အထွေထွေ ဆွေးနွေးတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## လယ်ယာမြေပြဿနာများ နေရာအများအပြားတွင်တွေ့ရပြီး သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် သေချာစွာစိစစ်ရန်လိုအပ်

**ထားဝယ် ဇူလိုင် ၂၆**

တနင်္သာရီ တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ (၆/၂၀၂၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုယမန်နေ့ မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ထိရောက်စွာဆောင်ရွက်**

တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကိုက ပုံစံ-၇ ကနေ တခြားနည်းသုံးစွဲခွင့် လျှောက်ထားသူများရှိကြောင်း၊ လယ်ယာမြေအား ဆောင်ရွက်သည့်အခါတွင် မှန်ကန်မျှတစွာဖြင့် လုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ လယ်ယာမြေပြဿနာများ နေရာအများအပြားတွင် တွေ့ရှိရပြီး သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် သေချာစွာ စိစစ်ရန် လိုအပ်ကြောင်း၊ အရေးယူ ဆောင်ရွက်သင့်သူများကို ထိရောက်စွာ ဆောင်ရွက်ရန် လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းလင်းဦးက လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ကော်မတီဝင်များက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





## ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**လားရှိုး ဇူလိုင် ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ပြည်ထောင်စုအားကစားကွင်း လေ့ကျင့်ရေးအားကစားရုံတွင် ယမန်နေ့ ညနေ ၄ နာရီက ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများနှင့် ခရိုင်အလိုက် အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပသည်။

ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်း/မြောက်) ဥက္ကဋ္ဌ ဦးမျိုးကျော်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များက အမျိုးသမီး ဘတ်စကက်ဘော ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် လားရှိုးခရိုင်အသင်းနှင့် တောင်ကြီးခရိုင် အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို လည်းကောင်း၊ အမျိုးသားဘတ်စကက်ဘော ဗိုလ်လုပွဲစဉ်အဖြစ် တောင်ကြီးခရိုင် အသင်းနှင့် ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို လည်းကောင်း ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်း/မြောက်)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုရအသင်းများနှင့် ဆုရရှိသူများကို တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားတို့ကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**လားရှိုး(ပြန်/ဆက်)**

❂ စာမျက်နှာ ၁၀ မှ

**မလုံခြုံဘူးလို့ခံစားလာရတဲ့နိုင်ငံများက နိုင်ငံသားတွေရဲ့ဆန္ဒ ဖွင့်ဟပြ**

ကိုယ့်ရဲ့လုပ်ဆောင်ချက်ကြောင့် ကိုယ့်ဆီပြန်လာမယ့် တန်ပြန်ရိုက်ခတ်မှုကို ကြိုတင်တွက်ဆထားမှုမရှိခြင်းဟာ မိုက်မဲမှုတစ်ခုပါပဲ။ ရုရှား-ယူကရိန်းအရေးမှာ တစ်ဖက်ကို အင်အားချည့်နဲ့အောင် မကောင်းကြံရင်း ကိုယ်ကိုယ်တိုင်ဒဏ်သင့်ပြီး ဆုတ်ယုတ်ပျက်ယွင်းလာတဲ့ အကုသိုလ်အဖြစ်အပျက်တွေကို သံဝေဂယူဖွယ် တွေ့နေရပါတယ်။ အနောက်နိုင်ငံက ပြည်သူတွေဟာ သူတို့အစိုးရတွေ ကိုယ်တိုင်က စစ်ကိုလိုလားသူတွေဖြစ်နေကြတယ်လို့ ခံစားလာကြရပြီး သူတို့အစိုးရတွေကို သပိတ်မှောက်ဆန္ဒပြတာတွေ လုပ်လာကြတယ်။

ယူကရိန်းဘက်ကို ပါဝင်ကူညီထောက်ခံမှုပေးနေတဲ့ နိုင်ငံတိုင်းက နိုင်ငံသားတွေဟာ စစ်ကြောင့် သူတို့ဘဝတွေ မလုံခြုံတော့ဘူးလို့ ခံစားလာကြရပါတယ်။ ဒါဟာ အနောက်နိုင်ငံနဲ့ အရှေ့ဘက်က ဂျပန်၊ တောင်ကိုရီးယားနိုင်ငံတွေက ပြည်သူတွေရဲ့ သောကတွေက သာဓကပါပဲ။ ဒါကြောင့် အမေရိကန်အစိုးရအဖွဲ့ဝင်တွေ အဲဒီနိုင်ငံတွေရောက်တဲ့အခါ ပြည်သူတွေရဲ့ ဆန္ဒပြမှုတွေနဲ့ကြုံတွေ့ရင်ဆိုင်ခဲ့ကြရတာဖြစ်ပါတယ်။

ရုရှား - ယူကရိန်းစစ်ဟာ လနဲ့ချီကြာလာတာနဲ့အမျှ သင်ခန်းစာယူဖွယ်ရာတွေလည်း လစဉ်၊ အပတ်စဉ်တိုးလျက်ပါပဲ။ သုသာန်ပြင်လို တစ်စစီဖြစ်နေတဲ့ စစ်နယ်ဝန်းက ပြည်သူတွေရဲ့ ဒုက္ခတွေကို မျက်ကွယ်ပြုပြီး မိုက်တွင်းနက်သူကလည်း နက်နေဆဲပါပဲ။ စစ်ဒဏ်ခံနေရတဲ့ ယူကရိန်းပြည်သူတွေနဲ့ ငတ်မွတ်မှုဒဏ်ခံနေရတဲ့ ကမ္ဘာ့ပြည်သူတွေအတွက် ရုရှား၊ ယူကရိန်း၊ တူကီယဲနဲ့ ကုလသမဂ္ဂတို့က လနဲ့ချီကြိုးစားနေချိန်မှာ အမေရိကန်ဘက်ကတော့ ယူကရိန်းဘက်ကို အဆင့်မြင့်လက်နက်တွေထောက်ပံ့ပြီး နိုင်ငံကို မီးလောင်တိုက်သွင်းလို့ ကောင်းတုန်းပါပဲ။

EU တောင်မှ ယူကရိန်းကို စစ်ရေးထောက်ပံ့ဖို့ ဘာမှပြောသံမကြားရတော့တာ သတိထားမိပါတယ်။ ယူကရိန်းစစ်ပွဲကြီး ပြီးဆုံးသွားမှာကို အမေရိကန်အနေနဲ့ လိုလားပုံမရတဲ့ပုံ ပေါ်နေပါတယ်။ တစ်ဖက်မှာလည်း ရုရှားဘက်က ရိက္ခာတွေထောက်ပံ့မယ့် အိုဒက်ဆာရှိ အဓိကဆိပ်ကမ်းနဲ့ သင်္ဘောတွေကို ရုရှားဘက်က ပစ်ခတ်တိုက်ခိုက်တဲ့သတင်းတွေလည်း ကြားရပြန်ပါတယ်။ ရိက္ခာကို အကြောင်းပြပြီး ယူကရိန်းက လက်နက်တွေသယ်နေတယ်လို့ ရုရှားဘက်ကတော့ အကြောင်းပြတာတွေ့ရပါတယ်။ ဆိုတော့... ရုရှား - ယူကရိန်းပဋိပက္ခဟာ မရိုးဖြောင့်မှု၊ မသမာမှု၊ ပြည်ပစွက်ဖက်မှုတွေကြောင့် ပြီးဆုံးမယ့်ပုံတော့ မပေါ်သေးပါဘူး။

မဆင်ခြင်ဘဲ ခေါ်လိုက်ရင်တော့ စစ်ပွဲဆိုတာ လာမှာပါပဲ။ ခေါ်လိုက်မိတဲ့ စစ်ပွဲတစ်ပွဲဟာ အဆုံးသတ်ဖို့လည်း ခက်ပါတယ်။ သို့ပေမယ့် ယူတတ်ရင် စစ်ပွဲကြောင့် ကိုယ့်ဆီက အားနည်းချက်နဲ့ ရလိုက်တဲ့သင်ခန်းစာတွေ၊ ပွင့်လာတဲ့အခွင့်အလမ်းတွေ၊ အားသာချက်တွေ မြင်နိုင်သလောက် မြင်ကြည့်ပေးဖို့လည်း လိုပါမယ်။

ဘာပဲဖြစ်ဖြစ် စစ်ပွဲကြားထဲက သဘောတူညီချက်လေးတစ်ခုကြောင့် ငြိမ်းချမ်းရေးရောင်ခြည်သဲ့သဲ့လေးမျှ မြင်ရပြီလား။ အခွင့်အလမ်းရေးရေးလေးကို အမိအရဆုပ်ကိုင်ကြပြီး အပြန်အလှန်ပိတ်ဆို့မှုတွေကို ဖြည်းဖြည်းချင်း ဖြေလျှော့နိုင်ကြဖို့တော့ ဆက်လက်လိုအပ်နေပါကြောင်း အပြုသဘောမျှော်လင့်ချက်များဖြင့် ရေးသားလိုက်မိပါတယ်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၅၄၅၈ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၆-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၅-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၄၅၈) ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၀၆,၀၃၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၉၈၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများကို နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၈၃၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများကို ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ **www.moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၂၆-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၃၀) ခု | (၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၃၄၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၇၉) ခု | (၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၈၀) ခု | (၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၅၂၀) ခု | (၆)ဦး |
| စုစုပေါင်း | (၅,၄၅၈) ခု | (၁၄)ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၂၃၃၉၉၂၅ | ၈၇၅၄၉၆၁၅ | ၁၀၅၂၄၆၇ |
| ၂။ | အိန္ဒိယ | ၄၃၉၂၀၄၅၁ | ၄၃၂၄၆၈၂၉ | ၅၂၆၁၁၀ |
| ၃။ | ဘရာဇီး | ၃၃၆၂၁၉၆၅ | ၃၂၀၃၆၇၆၁ | ၆၇၇၂၁၃ |
| ၄။ | ပြင်သစ် | ၃၃၅၄၃၄၅၇ | ၃၁၅၀၇၁၆၇ | ၁၅၁၅၆၀ |
| ၅။ | ဂျာမနီ | ၃၀၄၇၆၆၀၅ | ၂၈၅၀၅၄၀၀ | ၁၄၃၃၆၄ |
| ၆။ | ဗြိတိန် | ၂၃၂၁၂၅၆၅ | ၂၂၅၄၂၀၀၇ | ၁၈၂၇၂၇ |
| ၇။ | အီတလီ | ၂၀၆၈၄၁၈၂ | ၁၉၀၉၈၈၂၁ | ၁၇၀၉၇၉ |
| ၈။ | တောင်ကိုရီးယား | ၁၉၃၄၆၇၆၄ | ၁၈၄၄၆၂၈၂ | ၂၄၉၀၇ |
| ၉။ | ရုရှား | ၁၈၅၄၅၀၀၉ | ၁၇၉၄၈၃၃၀ | ၃၈၂၂၃၆ |
| ၁၀။ | တူကီယဲ | ၁၅၅၂၄၀၇၁ | ၁၅၂၂၁၅၀၆ | ၉၉၁၈၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၇၀၃၀၄ | ၉၈၇၄၀၇၅ | ၄၃၀၉၂ |
| ၂။ | အင်ဒိုနီးရှား | ၆၁၇၈၈၇၃ | ၅၉၇၈၅၂၂ | ၁၅၆၉၂၉ |
| ၃။ | မလေးရှား | ၄၆၅၄၉၅၁ | ၄၅၇၂၇၁၂ | ၃၅၉၂၃ |
| ၄။ | ထိုင်း | ၄၅၇၉၄၂၁ | ၄၅၂၄၅၉၂ | ၃၀၂၂၇ |
| ၅။ | ဖိလစ်ပိုင် | ၃၇၅၇၇၆၂ | ၃၆၆၉၄၂၅ | ၆၀၆၉၄ |
| ၆။ | စင်ကာပူ | ၁၆၆၄၇၀၇ | ၁၅၇၀၄၆၉ | ၁၄၈၃ |
| ၇။ | မြန်မာ | ၆၁၃၉၈၀ | ၅၉၂၈၃၆ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၈၇၇ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၂၀၀၂၇၉ | ၁၆၄၁၁၆ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၆၃၁ | ၁၃၃၄၂၁ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေလေးစီးဖြင့် နှာခေါင်းစည်း တန် ၂၀ တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## မော်လမြိုင်မြို့နယ် သမဝါယမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

မော်လမြိုင် ဇူလိုင် ၂၆

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မဟေသီအမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေး ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁-၂၀၂၂ Mini Budget တို့အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မော်လမြိုင်မြို့ ကွင်းရပ်ရှိ အသင်းပိုင်ရုံးခန်း၌ ဇူလိုင် ၂၄ ရက်က ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးသို့ မော်လမြိုင်မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မဟေသီအမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေး ငွေစုငွေချေးသမဝါယမအသင်းလီမိတက်က အသင်းသားပြည်သူများအား အစုပေါ် အမြတ်ငွေများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂျပန်နိုင်ငံ၌ လူခုနစ်ဦးကို သတ်ခဲ့သည့် တရားခံအား သေဒဏ်ချမှတ်



**တိုကျို ဇူလိုင် ၂၆**

ဂျပန်အစိုးရသည် လွန်ခဲ့သည့် ၁၄ နှစ်အကြာက တိုကျိုမြို့၏ လူစည်ကားရာ အာကီဟာဘာရာ ဈေးနေရာ၌ ဓားထိုးမှုကျူးလွန်ခဲ့သည့် လူတစ်ဦးအား ဇူလိုင် ၂၆ ရက်တွင် သေဒဏ်ချမှတ်ခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

**ခုနစ်ဦးသေဆုံး**

အဆိုပါ ကာတိုတိုမိုဟီရိုအမည်ရှိ လူတစ်ဦးသည် ၂၀၀၈ ခုနှစ် ဇွန်လအတွင်းက ဈေးဝယ်သူများဖြင့် စည်ကားနေသည့် လူအုပ်အတွင်းသို့ ထရပ်ကားဖြင့် ဝင်တိုက်ခဲ့ပြီးနောက် ကာတိုတိုမိုဟီရိုသည် လမ်းသွား လမ်းလာများအား ဓားဖြင့်ထိုးခဲ့ရာ ခုနစ်ဦး သေဆုံးပြီး ၁၀ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ကာတိုတိုမိုဟီရိုအား တိုကျိုမြို့ရှိ ထိန်းသိမ်းရေးစခန်း၌ အကျဉ်းချထားစဉ် ဇူလိုင် ၂၆ ရက်တွင် သေဒဏ်ပေးခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ်တွင် ကာတိုတိုမိုဟီရို၏ အယူခံဝင်မှုကို တရားရုံးချုပ်က ပယ်ချခဲ့ပြီး အောက်တရားရုံးများကလည်း ချမှတ်ခဲ့သည့် သေဒဏ်ကို အပြီးသတ် စီရင်ချက်ချခဲ့ကြောင်း သိရသည်။ ကာတိုတိုမိုဟီရို ကျူးလွန်ခဲ့သည့် ပြစ်မှုသည် သက်ညှာရန်မရှိကြောင်း တရားသူကြီးက ပြောကြားခဲ့သည်။

**သေဒဏ်ချမှတ်**

ယခုသေဒဏ်ပေးခြင်းသည် လက်ရှိဂျပန် ဝန်ကြီးချုပ် ကီရှီဒါလက်ထက်တွင် ဒုတိယမြောက် သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ပြီး ဒီဇင်ဘာလအတွင်းက ပထမအကြိမ် သေဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**

# တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့က နှစ်နိုင်ငံကုန်သွယ်မှုပမာဏနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်မည်



တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုတို့ မြို့တော်ပေကျင်း၌ ဇူလိုင် ၂၆ ရက်တွင် တွေ့ဆုံဆွေးနွေးစဉ်။

**ပေကျင်း ဇူလိုင် ၂၆**

တရုတ်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် နှစ်နိုင်ငံကုန်သွယ်မှုပမာဏနှင့် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံမှုအပါအဝင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံမှု အပြီးတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

**ထွက်ပေါ်လာခဲ့**

အဆိုပါ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်၊ တရုတ်ဝန်ကြီးချုပ် လီခချန်း၊ အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုတို့ ဇူလိုင် ၂၆ ရက်တွင် ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် တရုတ်နိုင်ငံ၏ အကြီးမားဆုံးသော ကုန်သွယ်ဖက်နိုင်ငံများအနက်မှ တစ်နိုင်ငံဖြစ်ပြီး ယခုနှစ်ပထမနှစ်ဝက်အတွင်း အင်ဒိုနီးရှားနိုင်ငံမှ တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းများ တင်သွင်းမှုသည် ၃၄ ဒသမ ၂ ရာခိုင်နှုန်းအထိ မြင့်တက်မှုရှိခဲ့ကာ ရုရှားနိုင်ငံပြီးလျှင် တရုတ်နိုင်ငံသို့ ဒုတိယအများဆုံးကုန်ပစ္စည်းတင်သွင်းသည့်နိုင်ငံ ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် တရုတ်ဝန်ကြီးချုပ်လီခချန်းတို့ တွေ့ဆုံအပြီးတွင် တရုတ်နိုင်ငံက အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီ တန်ချိန်တစ်သန်းတင်သွင်းရန် ကတိကဝတ်ပြုခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-အလင်းသစ်**

# တရုတ်နိုင်ငံ၌ ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်းများကို ငွေကြေးအကူအညီ အများအပြား ပေးအပ်သွားမည်

**ပေကျင်း ဇူလိုင် ၂၆**

ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့ရသည့်တရုတ်နိုင်ငံအတွင်းရှိ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းများကို ငွေကြေးအကူ အညီ အများအပြားပေးအပ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ပြောကြား**

အဆိုပါ လုပ်ငန်းများအား အကြွေးဝယ်ယူခွင့်ကတ်ဖြင့် တိုးမြှင့်ဝယ်ယူခွင့်ပြုခြင်းနှင့် ဈေးနှုန်းလျှော့ပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယဉ်ကျေးမှုနှင့် ခရီးသွား လုပ်ငန်းဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့ဘဏ်တို့က ပြောကြားသည်။

ထို့ပြင် ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းများ လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေစေရန် ဒေသန္တရတာဝန်ရှိသူများနှင့် ဘဏ်များမှ တာဝန်ရှိသူများအား ညွှန်ကြားခဲ့သည်။ ယခုဆောင်ရွက်ချက်သည် တရုတ်နိုင်ငံအတွင်းရှိ အထက်ပါ လုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ရှိသူများ၏ ကြိုးပမ်းဆောင်ရွက်ချက်ဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံတွင် ယခုနှစ်အတွင်း ပြည်တွင်းခရီးသွားလုပ်ငန်းမှ ဝင်ငွေ ယွမ်ငွေ ၁ ဒသမ ၁၇ ထရီလီယံရရှိခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အမေရိကန်နိုင်ငံ၌ ကလေးငယ် ၁၄ သန်းကျော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ

**လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၆**

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစတင်ကာ လက်ရှိအချိန်အထိ ကလေးငယ် ၁၄ သန်းကျော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း အမေရိကန်နိုင်ငံ ကလေးအထူးကု အကယ်ဒမီနှင့် ကလေးဆေးရုံများ အသင်းက ထုတ်ပြန်သည့်နောက်ဆုံး အချက်အလက်များအရ သိရသည်။

ဇူလိုင် ၂၁ ရက်တွင် ကုန်ဆုံးခဲ့သည့် သီတင်းပတ်အတွင်း ကလေးငယ် ၉၂၀၀၀ ကျော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း အမေရိကန်နိုင်ငံ ကလေးအထူးကုအကယ်ဒမီနှင့် ကလေးဆေးရုံများအသင်းက ပြောကြားသည်။




ထို့ပြင် ပြီးခဲ့သည့် သီတင်းလေးပတ်အတွင်း ကလေးငယ် ၃၁၁၀၀၀ ကျော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်းနှင့် ၂၀၂၂ ခုနှစ်အတွင်း ကလေးငယ် စုစုပေါင်း ၆ ဒသမ ၁ သန်းနီးပါး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၉၂ သန်းကျော်ရှိကြောင်း၊ အဆိုပါရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၈၇ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူပေါင်း တစ်သန်း ကျော်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၈၃၀ ထပ်မံတွေ့ရှိ

**နယူးဒေလီ ဇူလိုင် ၂၆**

အိန္ဒိယနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၈၃၀ ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၃၉၂၀၄၅၁ ဦး ရှိလာကြောင်း သိရသည်။

ထို့ပြင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိဆဲလူနာ ၁၄၇၅၂ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၅၂၆၁၁၀ ရှိကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၄၃၂၄၆၈၂၉ ဦးရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၂၀၂၅၀၅၇၇၁၇ လုံးကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်းထိုးနှံရေးလုပ်ငန်းများကို အရှိန်မြှင့် ဆောင်ရွက်နေပြီး ကိုဗစ်-၁၉ ရောဂါ မျိုးစိတ်သစ်များ ဝင်ရောက်လာခြင်းကိုလည်း စောင့်ကြည့်နေကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများပြားလာခြင်းအတွက် နိုင်ငံသားများအား နှာခေါင်းစည်းဝတ်ဆင်ခြင်းကဲ့သို့သော ကျန်းမာရေးစည်းမျဉ်းများဆောင်ရွက်ရန် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်များမှ တရားမဝင်သစ် တန် ၁၃၀ ကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်(Community Monitoring and Reporting System- CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၈ မှ ၂၄ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်**ကျွန်း (၃၈ ဒသမ ၀၀၇၈) တန်၊ သစ်မာ (၃၅ ဒသမ ၆၁၆၆)တန်၊ အခြား (၅၆ ဒသမ ၇၂၅၀)တန်၊ စုစုပေါင်း (၁၃၀ ဒသမ ၃၄၆၄)တန်၊ တရားခံ ၂၈ ဦး၊ ယာဉ်/ ယန္တရား ၃၇ စီး** သိမ်းဆည်းရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ ဘိန်းဖြူ ၇၇ ဒသမ ၅၂ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၉၃ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၇၇ ဒသမ ၅၂ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၀ ရက် နံနက် ၁ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရမည်းသင်း-ရွှေမြင်တင်သွားကားလမ်း သင်ပန်းကုန်းလမ်းဆုံတွင် ရွှေမြင်တင်မှ ရမည်းသင်းဘက်သို့ အောင်မျိုးထက်(ခ)ငယ်ငယ်မောင်းနှင်ပြီး ရာဇာစိုး(ခ)စိုးငယ် လိုက်ပါလာသည့် Dyan ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူ ၇၇ ဒသမ ၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ နံနက် ၄ နာရီခွဲတွင် ရမည်းသင်းမြို့ အောင်မင်္ဂလာရပ်ကွက်ကြီး ရွှေပြည်သာရပ်ရှိ တည်းခိုခန်းတွင် ဘိန်းဖြူများ တာဝန်ခံသယ်ဆောင်သူများဖြစ်ကြသည့် ဇော်ဦး၊ ခွန်ထွန်းလင်းနှင့်အတူ (ဖမ်းဆီးရမိ) ဘိန်းဖြူများသယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် မောင်ငြိမ်း၊ ကိုလေး(ခ)သန့်ဇော်ထွန်း၊ အိုက်အွမ်၊ သိန်းလင်းမောင် (ခ)ဒိုဇာ၊ ထွန်းထွန်းဦး(ခ)ကြီးဘ၊ ကျော်သူတို့ ရှစ်ဦးကို ဘိန်းဖြူ သုည ဒသမ ၀၂ ကီလို၊ Hijet ယာဉ်တစ်စီး၊ Surf ယာဉ်တစ်စီး၊ 4 WHEEL DOUBLE CAB ယာဉ်တစ်စီးတို့နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၉၃ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၇၇ ဒသမ ၅၂ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူများကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်းသိရသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။




**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ ရေနံစိမ်း၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၆**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဇူလိုင် ၂၃ ရက်တွင်** မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပြင်ဦးလွင်ကားလမ်း မိုင်တိုင်(၂၀) (၅)ဖာလုံခန့်တွင် ကုန်တင်ယာဉ်တစ်စီးပေါ်၌ တင်သွင်းခွင့်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှင့် မော်တော်ယာဉ်အပိုပစ္စည်းများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၇၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ် (Semi Trailer) ပါ ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၃၇၂၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး ပင်လယ်ရေကြောင်း အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင် ၂၄ ရက်တွင်** မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ချောက်မြို့နယ်အတွင်း တရားမဝင် ရေနံစိမ်း ဂါလန် ၈၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၂၁၁၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ သရက်ခရိုင် ကံမမြို့နယ် ပုသိမ်-မုံရွာ ကားလမ်း မိုင်တိုင်အမှတ် ၁၆၀/၆ အရှေ့ဘက်၌ တရားမဝင် သစ်မျိုးစုံ(၁ ဒသမ ၈၀၀၄)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၈၃၁၂)ကို သစ်တောဥပဒေအရ လည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၆၀၄၂၂)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

ထို့ပြင် **ဇူလိုင် ၂၆ ရက်တွင်** ရခိုင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မောင်တောမြို့နယ်နှင့် တောင်ကုတ်မြို့နယ်များအတွင်း တရားမဝင်သစ်မျိုးစုံ (၃၅ ဒသမ ၉၅၅၈)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၉၂၆၁၄)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ပဲခူးခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင် သစ်မျိုးစုံ (၇ ဒသမ ၇၃၇၄)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၃၅၄၉၂)ကို သစ်တောဥပဒေအရလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ပဲခူးမြို့နယ်အတွင်း Nissan Fairlady -350Z အမျိုးအစား လိုင်စင်မဲ့ ပြိုင်ကားတစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၃၅၄၉၂)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၃ ရက်၊ ၂၄ ရက်နှင့် ၂၆ ရက်တို့တွင် ဖမ်းဆီးရမိမှု**စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၂၆၀၅၂၈)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ "PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်း၊ လက်နက်ငယ်များဖြင့် ဖောက်ခွဲပစ်ခတ်ခဲ့သည့်အတွက် မုံရွာ-မန္တလေးကားလမ်းအတိုင်း မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးတွင် ပါလာသော အပြစ်မဲ့ပြည်သူနှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရသည့်ဖြစ်စဉ်" ခေါင်းစဉ်ဖြင့် ဇူလိုင် ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "စလင်းမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက ဆရာ ဆရာမများအား ခြိမ်းခြောက်၍ မော်တော်ဆိုင်ကယ်များကို လုယက်ယူဆောင်ခဲ့သည့်ဖြစ်စဉ်"နှင့်ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၇-၂၀၂၂ ဗုဒ္ဓဟူးနေ့

### MRTV HD

- **၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ဒီမိုကရေစီဆိုရာဝယ်
- **၀၉:၁၀** နဝင်္ဂဥပေါသထသီလခံယူတည်ဆောက်ခြင်း
- **၀၉:၃၀** စိုက်ပျိုးရေးရာအဖြေရှာ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၁:၃၀** ရွှေယမ်းစုံလင်အာဆီယံအစီအစဉ်
- **၁၂:၃၀** 'သေဘေးကိုရှုကြည့်၍' တရားတော်
- **၁၃:၃၀** MRTV National News
- **၁၆:၃၅** အသိပညာနှင့်အမှန်တရား **'စိတ်သိပ္ပံစိတ်ခံစားမှုလမ်းပြမြေပုံ'**
- **၁၆:၅၀** သတိထားပါမျောက်ကျောက်ရောဂါ
- **၁၇:၁၅** ခေတ်အလိုက်ကြေးမုံမြင်
- **၁၇:၄၀** ကရင်တိုင်းရင်းသားတို့၏ရိုးရာလက်မှုအနုပညာ
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၀** '(၃၀)ဖြာမင်္ဂလာ'(ဦးနန္ဒဝင်းရေးသားပူဇော်တင်ဆက်သည်) **'ဝီရိယစံခေါ်'**
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘဝစကက်ဘောအက်ဆေး'**(အပိုင်း-၃၄)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၂၁:၁၅** (၁၈)ကြိမ်မြောက်ဆိုကာ၊ ရေး၊ တီး ပြိုင်ပွဲ (ရုပ်သေးပြိုင်ပွဲ) **'ငနဝိတတ်တော်ကြီး'**
- **၂၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြည့်စုံခြင်းအိပ်မက်'** (အပိုင်း-၃၀)(ဇာတ်သိမ်းပိုင်း)

### mitv

- **07:02** Evergreen Classic : Zambudipar (Shwe Yee Win)
- **07:11** Myanmar Childhood Games (Episode-1)
- **07:19** Shop Shop Shop - Bogyoke Market
- **07:32** A Day in the Life of Pa-O Family
- **07:36** Reflected Glory
- **08:01** Innovative Handiworks Based On The Art Of Line Drawing
- **08:21** Ecotourism: Along River Chindwin To Khamti
- **08:38** Interesting Features of Rakhine
- **09:01** News
- **09:26** Global Partnership for Brighter Future: Luxembourg Pavilion at Expo 2020 Dubai
- **09:34** Making a Living as Horticulturist
- **09:48** Equestrian Contest on Pa-O Land

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကရင့်ရိုးရာစောင်းတူရိယာ

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကရင်ရိုးရာအထည်ဆိုင်မှ နန်းအဲလိန်းနှင့် တွေ့ဆုံမေးမြန်းခြင်း

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ကြက်သားတုံးကြော်

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
လည်ပတ်ချင်စရာချယ်ကျေးရွာ(အပိုင်း-၂)

**မွန် (၁၁:၀၀ မှ ၁၂:၀၀)**
ပေါ်လမြိုင်မြို့ရဲ့အထင်ကရနေရာများ

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
မြန်မာပြည်တစ်လွှားလျှာထိအာထိ ရခိုင်ဟင်းလျာများ(အပိုင်း-၂)

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
သဘာဝကျောက်စက်ပန်းဆွဲများရှိရာ ဝက်ဘာလိုဏ်ဂူ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ဟင်းနုနွယ်နှင့်ကျန်းမာရေး

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
များငွေ့မြူရေး

**ကယား (၂၀:၀၀ မှ ၂၁:၀၀)**
ကယားတိုင်းရင်းသားများရဲ့ တဘူး(ခေါ်)တားမြစ်ချက်

**ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ထွန်းတောက်လာသောကြယ်တစ်ပွင့်

### MRTV NEWS

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ကိုယ်နှင့်မဆိုင်သော်လည်း'**
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၅)
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၂)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၅)

### MRTV FARMERS'

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၁၅** မြန်မာ့ပထမဆုံးတောဆင်ရိုင်းထိန်းသိမ်းရေးနယ်မြေရှိုင်ရီးမဆင်ဘေးမဲ့တော
- **၀၇:၄၀** မြန်မာ့ပုလဲရတနာတို့ရဲ့မွေးရပ်မြေ ပုလဲကျွန်းဆီ
- **၀၇:၁၅** မြရောင်အဆင်းကြက်သွန်ခင်း
- **၀၈:၂၀** ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ
- **၀၉:၄၀** ချောင်းမကြီးဝါမျိုးသန့်ခြံသည်ဝါစိုက်တောင်သူများ၏အကျိုးကိုဦးတည်

### MRTV SPORTS

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

**✻ CDM မှ**

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် တပ်ကုန်းကျေးရွာအား PDF အမည်ခံအကြမ်းဖက်အဖွဲ့များက လက်နက်ငယ်၊ လက်လုပ်စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး မီးရှို့ခဲ့မှုကြောင့် ကျေးရွာနေ အမျိုးသားလေးဦးနှင့် အမျိုးသမီးသုံးဦး သေဆုံး၍ အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့ကာ လူနေအိမ် ၄၁ လုံး မီးလောင်ပျက်စီးဆုံးရှုံး

**နေပြည်တော် ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် တပ်ကုန်းကျေးရွာအား ဇူလိုင် ၂၆ ရက်က PDF အမည်ခံအကြမ်းဖက်အဖွဲ့များက လက်နက်ငယ်၊ လက်လုပ်စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး မီးရှို့ခဲ့မှုကြောင့် ကျေးရွာနေ အမျိုးသားလေးဦးနှင့် အမျိုးသမီးသုံးဦးသေဆုံးခဲ့၍ အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့ကာ လူနေအိမ် ၄၁ လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၆ ရက် နံနက် ၆ နာရီ ၅ မိနစ်ခန့်တွင် ပေါက်မြို့နယ် တပ်ကုန်းကျေးရွာအား PDF အမည်ခံအကြမ်းဖက်အဖွဲ့အင်အား ၃၀၀ ခန့်က ကျေးရွာ၏တောင်ဘက် မီတာ ၄၀၀ ခန့် အကွာမှ လက်နက်ငယ်၊ လက်လုပ်စိန်ပြောင်းများဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး လူနေအိမ်များ မီးရှို့ဖျက်ဆီးလျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က အခြေအနေအားထိန်းသိမ်းနိုင်ရေး အဆိုပါနေရာသို့ ဝန်ခြုံး-ပင်တောင်-တပ်ကုန်း-ကိုင်းလယ်လမ်း အတိုင်း ထွက်ခွာလာစဉ် တပ်ကုန်းကျေးရွာ၏ တောင်ဘက် မီတာ ၁၀၀ ခန့်အကွာအရောက်၌ PDF အမည်ခံအကြမ်းဖက်အဖွဲ့များက ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် စမ်းရေခုံကျေးရွာဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

**မီးလောင်ကျွမ်းနေသည်ကို တွေ့ရှိ**

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက တပ်ကုန်းကျေးရွာသို့ သွားရောက်စစ်ဆေးခဲ့ရာ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ မီးရှို့၊ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကျေးရွာရှိ လူနေအိမ် ၄၁ လုံး ခန့်မှာ မီးလောင်ကျွမ်းနေသည်ကို တွေ့ရှိရပြီး အဆိုပါ ကျေးရွာကာကွယ်ရေးအဖွဲ့ဝင်များဖြစ်သည့် ဦးစန်းမင်းအောင်(၃၃)နှစ်(ဘ)ဦးတင်အောင်၊ ဦးတင်မောင်ဝင်း(၃၇)နှစ်(ဘ)ဦးမြထွန်းနှင့် ကျေးရွာနေပြည်သူ ဒေါ်ခင်မြင့်စိုး (၅၀)နှစ်(ဘ) ဦးချစ်စိန်တို့တွင် ကျည်ထိမှန်ဒဏ်ရာများဖြင့် လည်းကောင်း၊ ကျေးရွာနေပြည်သူများဖြစ်သည့် ဦးဝင်းအေး(၃၅)နှစ် (ဘ) ဦးကျော်အောင်၊ ၎င်း၏ ဇနီးဖြစ်သူ ဒေါ်ခိုင်နှင်းကြည် (၃၄)နှစ်(ဘ) ဦးထွန်းခင်၊ သမီးဖြစ်သူ မသုန်နန္ဒီမိုး(၁၂)နှစ်နှင့် သားဖြစ်သူ မောင်ညဏ်လင်းအောင်ခုနစ်နှစ်တို့တွင် မီးလောင်ဒဏ်ရာများဖြင့် လည်းကောင်း သေဆုံးနေပြီး ကျေးရွာကာကွယ်ရေးအဖွဲ့ဝင် ကိုပြည်စုံအောင် (၂၁)နှစ် (ဘ)ဦးအေးကြံတွင်



ဦးဝင်းအေး၊ ဒေါ်ခိုင်နှင်းကြည်၊ မသုန်နန္ဒီမိုး၊ မောင်ညဏ်လင်းအောင် (သေဆုံး)
ဦးစန်းမင်းအောင်(သေဆုံး)
ဦးတင်မောင်ဝင်း(သေဆုံး)
ဒေါ်ခင်မြင့်စိုး(သေဆုံး)
ပြည်စုံအောင်(ဒဏ်ရာရ)

ယာနားရွက်ကျည်ထိမှန် ဒဏ်ရာတစ်ချက်ရရှိထားသည်ကို တွေ့ရှိရသဖြင့် ဆေးဝါးကုသမှုခံယူနိုင်ရေး ပေါက်မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ထိုကဲ့သို့ ကျေးရွာနေအပြစ်မဲ့ပြည်သူများကို ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး လူနေအိမ်များ မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီထိရောက်စွာ ဖော်ထုတ်အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**သိမ်းဆည်းခံရနိုင်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် တနိုင်းမြို့နယ် ရှင်ဗွေယန်မြို့ အမှတ်(၃)ရပ်ကွက်နေ စိုးနိုင်သည် ၎င်းအသုံးပြုသည့် “Soe Naing” Facebook အကောင့်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အင်းလေးမြိုင်ရပ်ကွက်နေသူများဖြစ်သည့် လှဝင်း(ခ) စိုင်းကိုနှင့် ဌေးလှိုင်တို့ နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် “Hla Win” Facebook အကောင့်နှင့် “Daw Htay Hlaing” Facebook အကောင့်၊ မြိတ်မြို့ ရေပုန်းနယ်မြေနေ ဖြိုးကိုကိုသည် ၎င်းအသုံးပြုသည့် “Phyo Ko Ko” Facebook အကောင့်၊ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မုရစ်ကလေးကျေးရွာ အမှတ်(၅) ရပ်ကွက်နေ ကျော်မင်းထွေးသည် ၎င်းအသုံးပြုသည့် “Kyaw Min Htwe” Facebook အကောင့်၊ ချောင်းဆုံမြို့နယ် အမှတ်(၈)ရပ်ကွက်နေ ခင်မြင့်သန်း(ခ)ခင်ပြုံးသည် ၎င်းအသုံးပြုသည့် “Khin Myint Than” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

**ထိရောက်စွာ အရေးယူသွားမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးမြို့၌ ငါးသယံဇာတ ပွားများရေးအတွက် ဧရာဝတီမြစ်အတွင်း ငါးမျိုးများစိုက်ထည့်

**မန္တလေး ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနသည် ယနေ့တွင် မဟာအောင်မြေခရိုင် ချမ်းအေးသာစံမြို့နယ် ကမ်းနားလမ်း ကရဝိက်ရေပေါ်ဟိုတယ်မှ ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ်စိန်လွင်၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက သရက်ကုန်းငါးလုပ်ငန်းစခန်း၊ ကူမဲငါးလုပ်ငန်းစခန်း၊ နတ်ရေကန်ငါးလုပ်ငန်းစခန်းနှင့် ရေနံ့သာငါးလုပ်ငန်းစခန်းများမှ နှစ်လက်မအရွယ်အစားရှိသော ငါးခုံးမကြီးသားပေါက်ကောင်ရေ ၅၀၀၀၀၊ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၅၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၂၀၀၀၀၀ အား ဧရာဝတီမြစ်အတွင်း မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၁၀ | ၁၈၅၅ | ၁၈၅၀ | ၁၈၂၀ | ၁၈၅၅ | ၁၈၈၀ | ၁၈၆၅ | ၁၈၄၀ | ၁၉၃၅ | ၁၉၅၀ | ၁၈၅၀ | ၁၈၅၅ | ၁၈၉၀ | ၁၈၉၅ | ၁၈၉၅ | ၂၁၁၅ | ၂၅၆၀ |
| 95 Ron | ၁၈၆၀ | ၁၉၁၀ | ၁၉၀၅ | ၁၈၇၀ | ၁၉၀၅ | ၁၉၃၀ | ၁၉၁၅ | ၁၈၉၀ | ၁၉၈၅ | ၂၀၀၀ | ၁၉၀၀ | ၁၉၁၅ | ၁၉၄၀ | ၁၉၄၅ | ၁၉၄၅ | ၂၁၆၅ | ၂၆၁၅ |
| HSD (500 ppm) | ၂၀၈၀ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၁၂၅ | ၂၁၄၅ | ၂၁၄၀ | ၂၁၁၀ | ၂၂၂၅ | ၂၂၂၀ | ၂၁၁၅ | ၂၁၂၅ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၅ | ၂၃၈၀ | ၂၈၄၅ |
| HSD (50 ppm) | ၂၁၃၅ | ၂၁၈၀ | ၂၁၈၀ | ၂၁၄၅ | ၂၁၈၀ | ၂၂၀၀ | ၂၂၀၀ | ၂၁၆၅ | ၂၂၈၀ | ၂၂၇၅ | ၂၁၇၅ | ၂၁၈၅ | ၂၂၁၅ | ၂၂၁၅ | ၂၂၂၀ | ၂၄၄၀ | ၂၈၇၅ |
| HSD (10 ppm) | ၂၁၃၅ | ၂၁၈၀ | ၂၁၈၀ | ၂၁၄၅ | ၂၁၈၀ | ၂၂၀၀ | ၂၂၀၀ | ၂၁၆၅ | ၂၂၈၀ | ၂၂၇၅ | ၂၁၇၅ | ၂၁၈၅ | ၂၂၁၅ | ၂၂၁၅ | ၂၂၂၀ | ၂၄၄၀ | ၂၈၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၁၈ | ၁၇၈၆ |
| 95 Ron | ၁၇၆၆ | ၁၈၃၅ |
| HSD (500 ppm) | ၁၉၇၈ | ၂၀၄၇ |
| HSD (50 ppm) | ၂၀၃၃ | ၂၁၀၃ |
| HSD (10 ppm) | ၂၀၃၃ | ၂၁၀၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၆

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ဆင်ဖြူရှင်တောရစာသင်တိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်ရှိ မောင်းထောင်ကျောင်းတိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ မစိုးရိမ်(တိုက်ဟောင်း)ကျောင်းတိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မဟာသဒ္ဓမ္မပန်းကုံးကျောင်းတိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ စလင်းကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ကျိုက်လတ်မြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ကျိုက်လတ် ဇူလိုင် ၂၆

ဧရာဝတီ တိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့ဝင်များ ရွေးချယ်ပွဲအခမ်းအနားကို ကျိုက်လတ်မြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။



အခမ်းအနားတွင် သဘာပတိ ကျိုက်လတ်မြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသောင်းရွှေက အဖွင့်စကားပြောကြား၍ ၂၀၁၉-၂၀၂၀၊ ၂၀၂၀-၂၀၂၁ နှင့် ၂၀၂၁-၂၀၂၂ ခုနှစ် ဒါရိုက်တာအဖွဲ့လုပ်ငန်းအစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားရှင်းလင်းပြီး တက်ရောက်လာကြသူများထံမှ အတည်ပြုချက်ရယူကြသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်ထွန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှုဆောင်အသစ်များကို ဆန္ဒမဲပေးရွေးချယ်ကာ တာဝန်ခွဲဝေပေးအပ်၍ အမှုဆောင်အသစ်များက ကတိသစ္စာခံယူကြသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းစုချုပ်မှ တာဝန်ရှိသူများ၊ ကျိုက်လတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ် သမဝါယမအသင်းစုမှ အမှုဆောင်ဒါရိုက်တာနှင့် ဝန်ထမ်းများ၊ အခြေခံသမဝါယမအသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

၂၀၇

## ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန GIS သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

ထားဝယ် ဇူလိုင် ၂၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကြီးမှူး၍ ဝန်ထမ်းစွမ်းဆောင်ရည်သင်တန်းဖြစ်သော GIS သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ဖွင့်လှစ်သင်ကြား

အခမ်းအနားတွင် ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



အဆိုပါသင်တန်းကို ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၅ ရက်အထိ ကိုးရက်ကြာဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ ၂၂၂

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်အထိ (တေဇောဓာတ် လောင်ကျွမ်းခြင်း) စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၁၂-၇-၂၀၂၂ ရက်နေ့မှအဆက်)

**သစ္စကပရိဗိုဇ်ကို ဆုံးမတော်မူခြင်း**

ဝေသာလီပြည်၌ ဘုရားရှင် ပွင့်တော်မမူမီ အယူဝါဒငါးရာကျွမ်းကျင်သော ပရိဗိုဇ်တက္ကတွန်း တစ်ဦး ရောက်ရှိနေသည်။ ၎င်းအား လိစ္ဆဝီမင်းတို့က ချီးမြှောက်ကြည်ညိုလျက်ရှိကြပါသည်။ ထို့နောက် ၎င်းပရိဗိုဇ်ကဲ့သို့ အယူဝါဒငါးရာ ကျွမ်းကျင်သော ပရိဗိုဇ်မတစ်ဦးကလည်း ရောက်ရှိလာပါသည်။ ၎င်းကိုလည်း လိစ္ဆဝီမင်းတို့က ချီးမြှောက်ကြည်ညိုလျက် ရှိကြပါသည်။

တစ်နေ့သောအခါ၌ လိစ္ဆဝီမင်းတို့ စီမံပေးသည့် မင်းရင်ပြင်တွင် ထိုပရိဗိုဇ်နှစ်ဦး ဝါဒချင်းပြိုင်ကြသည်။ တစ်ဦး၏ပြဿနာ တစ်ဦးကမဖြေနိုင်ဘဲ ပြိုင်ပွဲသည် မည်သူမျှမနိုင်ဘဲ ရှိကြပါသည်။ လိစ္ဆဝီမင်းတို့သည် ဤပရိဗိုဇ်ယောကျ်ားနှင့် မိန်းမတို့သည် ပညာတူဝါဒရေးရာ၌ အလွန်ကျွမ်းကျင် လိမ္မာကြသူများဖြစ်ကြ၍ သူတို့ နှစ်ဦးတို့ပေါင်း၍ မွေးလာသော သားသမီးများသည်လည်း ၎င်းတို့ကဲ့သို့ ဝါဒရေးရာ ကျွမ်းကျင်သူများ ဖြစ်ကြမည်ကိုကြံ၍ ၎င်းတို့နှစ်ဦးအား ဤပြည်၌ အတူနေကြရန် တိုက်တွန်းကြလေသည်။

ဤသို့ဖြင့် ယင်းပရိဗိုဇ်နှစ်ဦးတို့ ပေါင်းသင်းနေထိုင်ရာမှ သားသမီးငါးဦး မွေးဖွားလာသည်။ သမီးလေးဦးနှင့် သားငယ်တစ်ဦးဖြစ်ပါသည်။ သမီးလေးဦး၏ အမည်မှာ "သစ္စာ၊ လောလာ၊ အဝဓာရိကာ၊ ပဋိစ္ဆာဒ"တို့ ဖြစ်ကြပါသည်။ အငယ်ဆုံးသား၏အမည်မှာ "သစ္စက" ဖြစ်ပါသည်။ ၎င်းတို့ အရွယ်ရောက်လာသော် သမီးလေးဦးအား မိဘများက မှာကြားသည်မှာ သင်တို့၏ အယူဝါဒကို ဖြေကြား၍အနိုင်ရသူဖြစ်ပါက သူတို့၏ဇနီးမယားအဖြစ် လက်ခံကြရန် မှာလေသည်။ ရဟန်းဖြစ်ပါကလည်း ၎င်းရဟန်းထံ၌ ရဟန်းပြု၍နေကြရန် မှာကြားထားခဲ့လေသည်။ ၎င်းတို့သည် အဘဘက် ဝါဒငါးရာနှင့် အမိဘက်၌ ဝါဒငါးရာ ကျွမ်းကျင်၍ ၎င်းတို့ ငါးဦးသည် ဝါဒတစ်ထောင် ကျွမ်းကျင်သူများ ဖြစ်ကြပါသည်။

၎င်းပရိဗိုဇ်သမီးလေးဦးသည် ပရိဗိုဇ်အသွင်ဖြင့် ဇမ္ဗူသပြေခက်တို့ကိုင်လျက် ထိုထိုမြို့ရွာအရပ်ရှိ နိဂုံးရွာများသို့ လှည့်လည်နေကြပါသည်။ ရောက်ရှိရာ မြို့ရွာတံခါးဝ၌ မြေသဲကို စုပုံလျက် သပြေခက်ကို စိုက်ထူပြီး သူတို့၏ဝါဒကို ချေဖျက်နိုင်သူသည် ဤမြေပုံ၊ သဲပုံကိုဖျက်၍ ချေနင်းပါဟု မြို့တွင်းသို့ ဝင်ကြလေသည်။ ၎င်းတို့လေးဦးသည် သာဝတ္ထိပြည်



သို့ရောက်၍ အရှင်သာရိပုတ္တရာနှင့် တွေ့ကြပါသည်။ ဝါဒချင်းပြိုင်ကြပါသည်။ သူတို့ ရှုံးနိမ့်ကြပါသည်။ ၎င်းတို့သည် ရဟန်းမများပြုကြပြီး မကြာမီရဟန္တာများ ဖြစ်သွားကြလေသည်။

အငယ်ဆုံးသားဖြစ်သော သစ္စကပရိဗိုဇ်သည် သူ၏အစ်မများထက် ပညာဉာဏ် ထက်မြက်သူလည်းဖြစ်သည်။ ထို့အပြင် လောကီရေးရာဆိုင်ရာ ပညာများဖြစ်သော ပုံပြင်ဝတ္ထု၊ ဗေဒင်ဓမ္မသတ်များပါ တတ်သဖြင့် လိစ္ဆဝီမင်းသားငယ်များကို ပညာသင်ပေးပြီး ယင်းဝေသာလီပြည်၌ပင် နေလေသည်။ သစ္စကပရိဗိုဇ်သည် သူ့၌ပညာများပြည့်လျှံ၍ ဗိုက်ပေါက်မည်စိုးပြီး ဝမ်းကို သံပြားဖြင့်ပတ်ကာ သွားလာနေထိုင်တော်မူလေသည်။

ဘုရားရှင်သည် ဝေသာလီပြည် မဟာဝုန်တော၌ သီတင်းသုံးနေတော်မူသည်။ သစ္စကပရိဗိုဇ်သည် ရှင်ဂေါတမ၏ အယူဝါဒကို အပြစ်တင်ဆိုအံ့ဟု လုပ်ရန်ကြံစည်သည်။ ၎င်းသည် ဘုရားရှင်၏ဝါဒကို အပြစ်တင်မည်ဆိုပါက ၎င်းဝါဒကို သိဖို့လိုကြောင်း ၎င်းပရိဗိုဇ်သည်သိ၍ ဘုရားရှင်၏ဝါဒကို သိအောင်ပြုမည်ကြံ၍ လှည့်လည်သွားလာနေလေသည်။

၎င်းပရိဗိုဇ်သည် တစ်နေ့သောအခါ အရှင်အဿဇိ မြို့တွင်းသို့ဆွမ်းခံကြွလာသည်ကို မြင်၍ အရှင်အဿဇိကို ကောင်းစွာဆက်ဆံပြောဆိုပြီး ဘုရားရှင်၏ဝါဒကို မေးလေသည်။ ဘုရားရှင်၏ တပည့် အရှင်အဿဇိသည် ၎င်းသည် မိစ္ဆာအယူရှိသူဖြစ်သဖြင့် မသွယ်မဝိုက်ဘဲ ဘုံသုံးပါးတွင် ရှိကြသော သတ္တဝါတို့၏ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့သည် မမြဲသောသဘောရှိသည်။ ဆင်းရဲခြင်းကို ဖြစ်စေသည်။ ဤသို့ရှိသည်ဖြစ်သောကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ဖြင့် ဆင်ခြင်ရန် ဆုံးမလေ့ရှိကြောင်း ပြောလေသည်။

သစ္စကပရိဗိုဇ်သည် လိစ္ဆဝီမင်းသားငါးရာ စုရုံးတိုင်ပင်၍ သူ့ကိုယ်သူ ပညာရှိဖြစ်ကြောင်းကို ၎င်းတို့အား ကြွားဝါပြောကြားသည်။ သူမေးသော အမေးများကိုလာကုန်သောဆရာတို့သည် မဖြေကြားနိုင်ကြချေ။ ဤလောက၌ ဖြေနိုင်သူက တစ်ဦးတစ်ယောက်မျှမရှိ။ ထို့ကြောင့် လူတွင် ထင်ရှားဘုရားရှင်ဟုကြွေးကြော်သူ ရှင်ဂေါတမကို သူမေးမည်။ အရှက်ရအောင် မေးမည်ဖြစ်ကြောင်း၊ သူမေးသည့်အခါ ဇောချွေးများ ပြန်ရမည်ဖြစ်ကြောင်း၊ လူများနှင့်အတူ ဂေါတမဘုရားထံသို့ သူသွားမည်ဖြစ်ကြောင်း သူနှင့်အတူလိုက်ခဲ့ရန် ကြုံးဝါးပြောဆိုလေသည်။ ၎င်းသစ္စကသည် လိစ္ဆဝီမင်းသား ငါးရာခြံရံလျက် နံနက်စာစားပြီး ဘုရားထံသို့ သွားကြသည်။

ဘုရားရှင်သည် လောကကို သမန္တစက္ခုဖြင့် ကြည့်၍ သုံးသပ်သော် ယနေ့ သူ့ထံသို့ သစ္စကပရိဗိုဇ်လာမည်ဖြစ်ကြောင်း သိသည်။ ယင်းသို့သိတော်မူသောကြောင့် ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီး ကျောင်းနှင့်မနီးမဝေး သစ်ပင်အောက်၌ သီတင်းသုံးတော်မူသည်။

ထို့နောက် သစ္စကပရိဗိုဇ်သည် သူ့အခြံအရံများနှင့် ဘုရားရှင်ထံသို့ ရောက်တော်မူပြီးနောက် ဘုရားရှင်အား မေးခွန်းပြဿနာ မေးခွင့်ပြုရန် လျှောက်ထားလေသည်။ ဘုရားရှင်က ဝန်မလေး၊ ၎င်းအား မေးခွင့်ပြုတော်မူသည်။ သစ္စကပရိဗိုဇ်ကလည်း အရှင်အဿဇိ ဖြေထားသည်ကို မေး၍ ဘုရားရှင်အား ဟုတ်၊ မဟုတ် မေးသည်။ ဘုရားရှင်ကလည်း အရှင်အဿဇိ သိထားသည့်အတိုင်းဖြစ်ကြောင်း ပြောကြားလေသည်။ ၎င်းက အတ္တဖြစ်နေပါလျက် ဘာကြောင့် အနတ္တဟု ဆိုပါလဲဟူ၍ အပြစ်တင်ပြောဆိုလေသည်။ ဘုရားရှင်ကလည်း ၎င်းအား ခန္ဓာငါးပါးကို အတ္တဟူ၍ သင်ယူပါသလောဟု မေးသည်။ သစ္စကပရိဗိုဇ်သည် ဘုရားရှင်မေးသည်ကို အားလုံးစည်းလုံး၍ ဖြေကြားလေသည်။ ဘုရားရှင်က ၎င်းအား အများသူငါကို မစည်းရုံးနှင့်၊ သင့်အယူဝါဒကိုသာပြောရန် ပြောကြားလေသည်။

ဘုရားရှင်က ပြည့်ရှင်မင်းတို့သည် သူတို့ပိုင်သော နိုင်ငံအတွင်း၌ ညှဉ်းဆဲသတ်ဖြတ်သူတို့ကို ညှဉ်းဆဲသတ်ဖြတ်စေရန်လည်းကောင်း၊ နိုင်ငံမှ နှင်ထုတ်သူကို နှင်ထုတ်စေရန်လည်းကောင်း အာဏာထားနိုင်မည်လောဟု မေးလေသည်။ ၎င်းသစ္စကကလည်း အာဏာထားနိုင်ကြောင်း ပြန်ဖြေလေသည်။ ဘုရားရှင်က သစ္စကအား သင်သည် ရုပ်သည်၊ သင်ပိုင်သည် (ငါပိုင်)ဆိုလျှင် "ငါ၏ ရုပ်သည် ဤသို့ ဖြစ်စေ၊ မဖြစ်စေ၊ ငါသည် တစ်ဆယ့်ခြောက်နှစ်အရွယ်အတိုင်း အမြဲဖြစ်စေဟု အမိန့်ပေးကာ အာဏာသုံး၍ ရပါ၏လော"ဟု မေးလေသည်။

ဘုရားရှင်က ဤသစ္စကပရိဗိုဇ်အား မေးသောအခါ ၎င်းသည် အဖြေရခက်နေသည်။ ရုပ်သည် ငါ့အလိုသို့လိုက်၏ဟု ဖြေဆိုလျှင် ဝေသာလီမင်းအပေါင်းတို့၏ အပြစ်တင်ခြင်းကိုခံရပေမည်။ ဤသို့ မလိုက်ဟုဖြေလျှင် ဘုရား၏ အနတ္တဝါဒကို လက်ခံရာရောက်မည်ဖြစ်၍ မဖြေဘဲ ဆိတ်ဆိတ်နေသည်။

ဘုရားရှင်ကလည်း သုံးကြိမ်တိုင်တိုင် မေးသည်။ ၎င်းသည် မဖြေဘဲနေလေသည်။ ဘုရားရှင်က သစ္စကပရိဗိုဇ်အား ဤသို့ သင်မဖြေလျှင် သင်၏ ဦးခေါင်း ခုနစ်စိတ်ကွဲစေရာ၏ဟု မိန့်တော်မူသည်။ ဤသို့ ဘုရားရှင်၏အမေးကို မဖြေဘဲနေလျှင် ဘုရားရှင်၏ အချိန်များကို အကျိုးမဲ့အချိန်ကုန်စေသောကြောင့် ထိုမဖြေသူသည် ၎င်း၏ဦးခေါင်း ခုနစ်စိတ် ကွဲရာ၏။ ဤကား ဓမ္မတာ ဖြစ်ပါသည်။

ထိုအခါ၌ သိကြားမင်းသည် ဘီလူးအသွင်ဖြင့် ရဲရဲတောက်လောင်သော သံတင်းပုတ်ဖြင့် လာ၍ သစ္စကအား ဘုရားအမေးကို မဖြေဘဲနေခဲ့လျှင် ၎င်း၏ဦးခေါင်းအား ခုနစ်စိတ်ခွဲအံ့ဟု သစ္စက အပေါ် ကောင်းကင်မှရပ်တန့်၍ ခြိမ်းခြောက်လေသည်။ သစ္စကလည်း နောက်ဆုံး၌ ကြောက်လန့်၍ မဖြေဘဲ မနေဝံ့တော့ကြောင်း၊ ၎င်းမှ "အာဏာမထားနိုင်ကြောင်း" ဖြေပေသည်။ ရုပ်သည် မြဲသလော၊ မမြဲသလောဟု ဘုရားရှင်က မေးသည်။ ဆင်းရဲမှု ဖြစ်သလော၊ မဖြစ်သလော မေးသည်။ ဆင်းရဲမှု ဖြစ်ကြောင်း ဖြေလေသည်။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကိုလည်း ထိုနည်းတူမေးသည်။ ၎င်းသည် အမှန်အတိုင်းမမြဲကြောင်း ဖြေလေသည်။

ဘုရားရှင်သည် ပရိသတ်အလယ်၌ ခန္ဓာငါးပါးသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်ကြောင်းဖြင့် ၎င်း၏ အယူဝါဒကို ပယ်ဖျက်ချေချွတ်လိုက်လေသည်။ နောက်ဆုံး၌ သစ္စကပရိဗိုဇ်သည် ဘုရားရှင်ထံ၌ သူမှားကြောင်းဝန်ခံ၍ သူအသက်ရှည်သမျှ ကာလပတ်လုံး ဘုရားရှင်၏ အယူဝါဒကို ကိုးကွယ်ပါမည်ဟု လျှောက်ထားလေသည်။ သစ္စကလည်း ဘုရားရှင်နှင့်တကွသော ရဟန်းများအား နောက်တစ်နေ့၌ လိစ္ဆဝီမင်းတို့ အကူအညီဖြင့် ဆွမ်းကို ခမ်းနားကြီးကျယ်စွာ ဖိတ်ကျွေးလေသည်။ ဘုရားရှင်သည် သစ္စကအား အရဟတ္တဖိုလ်သို့ ရောက်စေနိုင်သည့် "စူဠသစ္စကသုတ္တန်"ကိုသာမက မဟာသစ္စကသုတ္တန်ကိုပါ တရားဓမ္မတို့ဖြင့် ဆုံးမလေသည်။

ဥပနိဿယ (ပါရမီ) မရှိသောကြောင့် သစ္စကသည် မဂ်ဖိုလ်တစ်ခုမျှ မရသေး၊ ရဟန်းမပြုဘဲ နေသည်။ ဘုရားရှင်သည် ယင်းသို့ မဂ်ဖိုလ်မရနိုင်သောသူကို အဘယ်ကြောင့် အပင်ပန်းခံ၍ ဟောရသည်ဆိုသော် ဤသစ္စကပရိဗိုဇ်သည် ဘုရားရှင်လက်ထက် မဂ်ဖိုလ်မရနိုင်ပါ။ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်းနှစ်ရာတွင် သီဟိုဠ်ကျွန်း၌ သာသနာထွန်းကားချိန်ကာလဝယ် ၎င်းကျွန်း၌ အမတ်မျိုးတွင်ဖြစ်မည်။ ရဟန်းပြုမည်။ ဝိပဿနာအားထုတ်၍ "ကာဠဗုဒ္ဓရက္ခိတ" ရဟန္တာ ဖြစ်မည်။ အနာဂတ်အကြောင်းကိုမြင်၍ အထောက်အပံ့ရစေခြင်းငှာ၊ ပါရမီဖြစ်စေခြင်းငှာ ဤသို့ အပင်ပန်းခံ၍ ဟောကြားခြင်း ဖြစ်ပါသည်။

**"ဘုရားရှင်သည် ပရိသတ်အလယ်၌ ခန္ဓာငါးပါးသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်ကြောင်းဖြင့် ၎င်း၏အယူဝါဒကို ပယ်ဖျက်ချေချွတ်လိုက်လေသည်။ နောက်ဆုံး၌ သစ္စကပရိဗိုဇ်သည် ဘုရားရှင်ထံ၌ သူမှားကြောင်းဝန်ခံ၍ သူအသက်ရှည်သမျှကာလပတ်လုံး ဘုရားရှင်၏အယူဝါဒကို ကိုးကွယ်ပါမည်ဟု လျှောက်ထားလေသည်။ သစ္စကလည်း ဘုရားရှင်နှင့်တကွသော ရဟန်းများအား နောက်တစ်နေ့၌ လိစ္ဆဝီမင်းတို့အကူအညီဖြင့် ဆွမ်းကို ခမ်းနားကြီးကျယ်စွာဖိတ်ကျွေး"**

(ဆက်လက်ဖော်ပြပါမည်)

# အသံတိတ်နဲ့ ကျိတ်ငိုသည်

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ**



**(ယခင်အပတ်မှအဆက်)**

သူတို့အိမ်ပေါ်မှာတင်ပြီး မထားနိုင်ပေမယ့် အိမ်ဘေးတိုက်ဘေးမှာ လေးတိုင်စင်လေး ကပ်ဆောက် လူမမြင်ကွယ်ရာ နောက်ဘက်ဘေးမှာပဲ အခုခေတ် အပြောနဲ့ပြောရရင် မြွေခွံအိတ်၊ ပလတ်စတစ်အိတ်တွေကို မိုးလို့ကာလို့၊ မြေကြီးပေါ်မှာပဲ ဖျာအဟောင်းလေးခင်းလို့နေရတာပေါ့။

ဟော အိမ်မှာကျန်ခဲ့တဲ့ သားကောင်း သမီးကောင်းတွေက ရွှဲ့ပြောတာနော်၊ အဟုတ်မထင်နဲ့၊ သားဆိုးသမီးဆိုးတွေကတော့ ပျော်လို့ပါးလို့ အမေအိုကြီးကို သတိမရကြတော့ပါဘူး။

သတိရတဲ့အခါတော့ ရှိပါသေးတယ်။ နေ့လယ်နေ့ခင်း အားနေပြီဆိုရင်လေ “အရပ်ကတို့ရေ။ ဒီအဘွားကြီးမရှိတော့ ဘယ်လောက်သာယာလိုက်သလဲ၊ ကြည့်စမ်းပါဦး”လို့ ထုံးစံအတိုင်း မကြွားတကြွားအော်ပြောတဲ့အခါ သတိရကြတာပေါ့။

ဒီလိုနဲ့ တစ်လ၊ နှစ်လ၊ သုံး၊ လေးလကြာတော့ ချွေးမဖြစ်တဲ့သူက ကိုယ်လေးလက်ဝန်ရလာတယ်လေ။ အဲဒီခေတ်အခါက ယဉ်ကျေးမှုပဲ ခေါ်မလား၊ ထုံးစံအစွဲခေါ်မလား၊ သားသမီးမရတဲ့ အမျိုးသမီး အိမ်ထောင်သည်ဟာ အမြုံမ၊ မသူတော်လို့ သတ်မှတ်ကြတယ်လေ။

အခုတော့ သူ့မှာကိုယ်ဝန်ရပြီလည်းဆိုရော “ဟောကြည့်ကြပါဦးတော်၊ ဘယ်သူက သူတော်ကောင်း၊ ဘယ်သူက သူယုတ်မာသိကြရောပေါ့။ ဒီအဘွားကြီးမရှိတော့မှ ကျွန်မမှာ ရတနာလေး ရလာပြီလေ။ ဘယ်သူက သူတော်ကောင်းလဲဆိုတာ လယ်ပြင်ဆင်သွားသလို ထင်ထင်ရှားရှား သိကြရောပေါ့”လို့ ဗိုက်ကလေး ပုတ်ပုတ်ပြီးတော့ တစ်ရွာလုံးကို လိုက်ကြွားတော့တာပါပဲ။

ဟို အမေအိုကြီးကိုလည်း ကြည့်စမ်းပါဦး၊ ချွေးမရဲ့သတင်းတွေက သူ့နားထဲအကုန်ပြန်ရောက်တာပေါ့။ သူကလည်း နေရေးအဆင်ပြေပေမယ့် စားရေးအဆင်ပြေဖို့ လုံးပန်းရသေးတယ်လေ။

ရပ်ထဲ ရွာထဲကို လှည့်ပြီး “သြော် ဘယ်သူရေ။ ဆန်ရွေးစရာရှိရင်တို့ကိုခေါ်ပါနော်၊ မောင်းထောင်းစရာရှိရင် အမေ့ကိုခိုင်းပါနော်၊ ထင်းခွဲစရာရှိရင် အမေ့ကို ပြောပါနော်”ဆိုပြီး တစ်အိမ်တက်ဆင်း ထင်းခွဲ၊ ရေခပ်၊ အဝတ်လျှော်၊ မောင်းထောင်းအလုပ်တွေကို လုပ်ရရှာတယ်လေ၊ ဒါလေးတွေနဲ့ပဲ ဝမ်းရေးဖြည့်ရတာကိုး။

တစ်ခါတလေ အလုပ်အဆင်မပြေရင်လေ အနင်းအနှိပ်က ဖက်ရသေးတယ်၊ အိုကြီးအိုမနဲ့ တောင်ဝှေးတစ်ချောင်းအားကိုးပြီး အနင်းခံချင်သူတွေကို နင်းပေး၊ အနှိပ်ခံချင်သူတွေကို နှိပ်ပေး၊ တစ်တောင်နဲ့ထောင်းပေး လုပ်နေလိုက်ရတယ်၊ စားရဖို့အရေးပေါ့။

ဒီလို ရပ်ထဲရွာထဲ သွားရင်းလာရင်းနဲ့ ချွေးမသတင်း၊ သားသတင်းက အစုံကြားနေရတာပေါ့။ အရပ်ထဲကလည်း မကျေမနပ်နဲ့ ကိုယ့်အိမ် ကိုယ်ပြန်တက်ပေါ့။ ဘာလို့ ဒုက္ခခံနေရတာလဲလို့ ပြောကြတယ်လေ။ အဲဒီတော့လည်း “သြော် ဒါကခဏပါ၊ နောက်ကျရင် သားရော၊ သမီးရော သူတို့အမေကို ပစ်မထားကြပါဘူး၊ ပြန်ခေါ်ကြမှာပါ။ သားတို့က လိမ္မာပါတယ်” တဲ့။ ကဲ မိဘမေတ္တာများ ဘယ်လောက်အံ့သြစရာကောင်းလိုက်သလဲလို့။

တဖြည်းဖြည်းနဲ့ ရက်ကလ၊ လကနှစ်၊ တစ်နှစ်၊ နှစ်နှစ်ကြာလာတော့ မြေးဦးလေးရလာပြီဆိုတာ ကြားရတယ်လေ။ နောက် မြေးဦးလေးက လမ်းလျှောက်တတ်ပြီတဲ့။ ပြေးတတ်ပြီတဲ့။ အဘွားဖြစ်တဲ့ ပုဂ္ဂိုလ်လေ မြေးလေးကို မြင်ချင်လိုက်တာ၊ တွေ့ချင်လိုက်တာ လွန်ပါရော။

ကျွန်မမြေးကြီးက လိမ္မာတယ်တဲ့၊ လှလည်းလှ၊ ဝလည်းဝတယ်တဲ့၊ အရပ်ထဲမှာ ပြောလိုက်ရတာ၊ ကြွားလိုက်ရတာ၊ မမြင်ရသေးဘဲနဲ့ကို ပျော်နေလိုက်တာ “သားအချစ် မြေးအနှစ်”ဆိုတာ တကယ်မှန်ပါတယ်။

အမေအိုကြီးဟာ မြေးဦးနဲ့တွေ့ချင်၊ အတူနေချင်ရှာပြီပေါ့။ ဒီတော့ စဉ်းစားတယ်လေ၊ လောကမှာ လောကပါလနတ်၊ လောကစောင့်နတ်ဆိုတာတွေ ရှိကြပါတယ်။ အခုဆိုရင်လောကစောင့်နတ်သေပြီနဲ့တူပါတယ်။ လောကစောင့်နတ်သာရှိရင် ငါဒီလိုနေရထိုင်ရတာ၊ မြေးဦးလေးနဲ့ ခွဲနေရတာ ဘယ်အဖြစ်ခံပါ့မလဲ၊ စောင့်ရှောက်မှာပေါ့။

သူတို့ခေတ်က ထုံးစံတစ်ခုရှိတယ်၊ လူတစ်ယောက်သေပြီးရင် သက်ပျောက်ဆွမ်းကျွေးရတယ်၊ အဲဒီလို ကျွေးမှလည်း သေတဲ့သူဟာဘဝတစ်ခု ပြန်ပြီးအသစ်စနိုင်တယ်၊ လူဆိုရင် လူပြန်ဖြစ်၊ နတ်ဆိုရင်လည်း နတ်ပြန်ဖြစ်နိုင်တယ်တဲ့၊ ထုံးစံရှိတာပေါ့။

အဲဒီတော့ အမေအိုကြီးက ရသမျှစု၊ ဆန်ကွဲလေး လက်တစ်ဆုပ်ယူ၊ မြေအိုးကင်းလေးယူ၊ နောက်တောက်တောက် တောက်တောက်နဲ့ တောင်ဝှေးလေးထောက်ပြီး သင်္ချိုင်းကုန်းဘက်သွားတာပေါ့။

သင်္ချိုင်းကုန်းရောက်တော့ ကျောက်ခဲလုံးတွေ အရိုးခေါင်းတွေကိုရှာပြီး မီးဖိုတယ်၊ ဖိုခုံလောက်လုပ် သစ်ကိုင်းခြောက်တွေကို ရှာချိုးပြီး မီးခတ်ကျောက်နဲ့ မီးခတ်ပြီး မွှေးလိုက်တာပေါ့။

အဲဒီတော့မှ သြော် သက်ပျောက်ဆွမ်းကပ်တယ်ဆိုတာ ငါအလှူရှင်အနေနဲ့ ရေမိုးချိုး သန့်စင်ပြီးတော့မှ ဆွမ်းကပ်ရမယ်၊ ဒါမှ ပိုကောင်းတာပေါ့ဆိုပြီး အနီးအနားမှာရှိတဲ့ ရေကန်ကြီးထဲသွားပြီး ရေဆင်းချိုး၊ ကိုယ်လက်သုတ်သင်ပြီးတော့ ပြန်တက်လာတာပေါ့။

အဝတ်အစားတွေကို လဲဝတ်ပြီး မီးဖိုနားပြန်ရောက်တော့ သူ့ဘေးနားကို ပုဏ္ဏားအဘိုးကြီး တစ်ယောက် ရောက်လာတယ်လေ။

(ဆက်လက်ဖော်ပြပါမည်)

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ အသံတိတ်နဲ့ ကျိတ်ငိုသည်စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၄)

**ဦးမင်းဟန်(ဘီအေ)**

ဘိုးလေးကြွက်အိမ်ရှေ့ရှိ ကုက္ကိုပင်ကြီးအောက်တွင် မောင်ထူး၊ ကိုဦးနှင့်ပူစူးမတို့ စုစည်းထိုင်နေကြသည်။ ဘိုးလေးကြွက်က အနည်းငယ်နောက်ကျပြီးမှ ရောက်လာသည်။

“ကိုဦးရေ မောင်ထူးတစ်ယောက် အရင်နဲ့မတူတော့ဘူး အများကြီးယဉ်ကျေးလာတယ်လို့ မြေးတို့ဆရာမက လမ်းမှာတွေ့တုန်းပြောလိုက်တာ။ ကြားရတာ ကျက်သရေရှိလိုက်တာ၊ နားဝင်ချိုလိုက်တာကွယ်။”

ဘိုးလေးကြွက်၏စကားကိုကြားလိုက်ရသည့်အတွက် မောင်ထူးတစ်ယောက်သာမက ကိုဦးနှင့်ပူစူးမတို့ပါ ပျော်ရွှင်ကျေနပ်နေကြတော့သည်။

“ဟုတ်ကဲ့ ဘိုးလေး မြေးလည်း ဘိုးလေးရဲ့ သွန်သင်ဆုံးမမှုတွေကြောင့် အိမ်မှာရော၊ ကျောင်းမှာရော ရပ်ထဲရွာထဲမှာပါ အပြောအဆိုတွေကို သတိလေးကပ်ပြီး ပြောဆိုဆက်ဆံတတ်လာလို့ နေမှာပါ။ အခုနောက်ပိုင်းတော့ တွေ့တဲ့သူတိုင်းကို အပြုံးနဲ့နှုတ်ဆက်မိတယ်”

“ဟုတ်ပါတယ် ဘိုးလေး။ မောင်ထူးစကားကို မြေးတို့ထောက်ခံပါတယ်။ မြေးတို့လည်း အရင်ကထက်စာရင် ပြောဆိုဆက်ဆံတာတွေကို သတိထားပြီး လူကြီးကိုလူကြီးမှန်းသိသိ၊ ဆရာ ဆရာမဆိုရင် ဆရာ ဆရာမမှန်းသိသိ၊ လူငယ်တို့ ကလေးတို့ဆိုရင်လည်း လူငယ်တို့၊ကလေးတို့မှန်းသိသိ သူ့အရွယ်နဲ့သူအတွက် ပြောဆိုဆက်ဆံတာတွေကို သတိလေးကပ်ပြီး ဆက်ဆံတာမို့ ပိုပြီးယဉ်ကျေးသိမ်မွေ့လာတာတော့ အမှန်ပါပဲ။ ဘိုးလေးကိုလည်း မြေးတို့အားလုံးက ကျေးဇူးအထူးတင်ပါတယ်”

“မလိုပါဘူးကွယ်။ မြေးတို့ကိုက အလိုက်တသိနဲ့ လိုက်နာကျင့်ဆောင်ကြလို့ ဘိုးလေးက ဝမ်းသာနေတာပါ။ စာသင်ခန်းဆိုင်ရာယဉ်ကျေးမှုနဲ့ ဆက်နွယ်တာလေးတွေ ပြောဖြစ်နေရတာကိုလည်း ဘိုးလေးမှာအားတွေဖြစ်ရတယ်။ မြေးတို့တွေ ကျောင်းမှာရော စာသင်ခန်းအတွင်းမှာပါ ဆရာ ဆရာမတွေနဲ့ ပြောဆိုဆက်ဆံကြတဲ့အခါ အခုလို ယဉ်ကျေးသိမ်မွေ့မှု ရှိလာတယ်၊ ကျောင်းခန်းထဲမှာ ကျောင်းသား ကျောင်းသူအချင်းချင်းဆက်ဆံတာ၊ စာအုပ်တွေကိုင်တွယ်တာကအစ ဒီထက်မက ပိုမိုပြီးတော့ညင်သာလာမယ်၊ ပိုပြီး ယဉ်ကျေးလာကြမယ်ဆိုရင် မြေးတို့ကျောင်းသား ကျောင်းသူတွေအတွက် အများကြီးအကျိုးရှိတာပေါ့”

“ဟုတ်ကဲ့ပါ ဘိုးလေး”

“ဘိုးလေးလည်း ကျေနပ်ပီတိဖြစ်ရတာပေါ့။ မြေးတို့တွေကို ယဉ်ကျေးလိမ္မာကြတယ်လို့ အရပ်ထဲက ပြောလာတယ်၊ ဆရာ ဆရာမတွေကလည်း မြေးတို့ကို ယဉ်ကျေးလိမ္မာရှိကြတယ်လို့ ပြောလာတယ်ဆိုတာကိုက မြေးတို့ကြိုးစားလိုက်နာကျင့်ဆောင်မှုရဲ့ အသီးအပွင့်ပဲ။ ပင်ပန်းရကျိုးနပ်တာပေါ့ကွယ်။ မြေးတို့သုံးယောက်က စာသင်ခန်းထဲမှာပေးအပ်တဲ့ သင်ခန်းစာတွေကို လိုက်နာမှတ်သားကြတယ်၊ စာသင်ခန်းစည်းကမ်းတွေကိုလည်း လိုက်နာကြတယ်ဆိုရင် ဘိုးလေးလည်း ကြည်နူးရတာပေါ့။ ပြီးတော့ သွန်သင်ဆုံးမခံရတဲ့ မြေးတို့လည်း ကိုယ့်ကိုယ်ကိုယ် ကျေနပ်မှုရှိရမှာပေါ့။ မြေးတို့တွေက လိမ္မာယဉ်ကျေးပြီးသားတွေပါပဲ။ ဒါပေမဲ့ သတိမမူမိတာလေးတွေ ရှိတတ်လို့ ဘိုးလေးကပြောနေရတာ။ ဆရာ ဆရာမတွေဟာ မိဘနဲ့တစ်ဂိုဏ်းတည်းရှိပြီး အနန္တဂိုဏ်းဝင် ပုဂ္ဂိုလ်တွေဖြစ်တယ်ဆိုတာကို မြေးတို့အနေနဲ့ အမြဲတမ်း နှလုံးသွင်းထားရမယ်ဆိုတာ ထပ်ပြီးအသိပေးချင်တာပါပဲ”

“ဟုတ်ကဲ့ပါ ဘိုးလေး၊ မှတ်သားထားပါ့မယ်”

“ကျောင်းစာသင်ခန်း အတွင်းမှာ စာအုပ်ကိုဖွင့်ပြီး မှတ်သားလိုတဲ့အခါ စာရွက်ကိုခေါက်ချိုးပြီး မမှတ်ရဘူး၊ စာအုပ်ကိုလည်း ခုံပေါ်မှာမှောက်မထားရဘူးနော်။ စာရွက်လွတ်တစ်ခုဖြစ်ဖြစ်၊ ကပ်ထူပြားတစ်ခုနဲ့ဖြစ်ဖြစ် မှတ်သားလိုတဲ့စာရွက်ကြားမှာ ညှပ်ထားရမယ်။ အဲဒီလိုမှမဟုတ်ရင် စာရွက်တွေ ခေါက်ရာဖြစ်လာမယ်။ စာရွက်အနားတွေ ခေါက်ရိုးကျိုးပြီး အလွယ်တကူစုတ်ပြဲတတ်တယ်”

ဘိုးလေးကြွက်က စာအုပ်ဖွင့်ကာ မှတ်သားမယ့်စာရွက်နေရာ စာရွက်ကို လှန်ပြီး စနစ်တကျဖြစ်စေရန် လက်တွေ့လုပ်ဆောင်ပြသရာ မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦးတို့က တစ်ယောက်တစ်လှည့်စီဖြင့် လက်တွေ့လုပ်ဆောင်ကြလေသည်။ ဘိုးလေးကြွက်က စိတ်ရှည်လက်ရှည်ဖြင့် နားလည်သဘောပေါက်အောင် ရှင်းလင်းပြသပေးသည်။

“ဒါတွေက အမြင်မှာလွယ်တယ် ထင်ရပေမယ့် သတိမမူမိဘဲ အလွယ်တကူ စာရွက်ကိုခေါက်ပြီး မှတ်လိုက်တာများတယ်။ နောက်မှခေါက်ထားမိတဲ့စာရွက်က ခေါက်ရိုးကျိုးပြီး အဲဒီခေါက်ရိုးနေရာကနေ ပြဲတတ်တယ်။ စုတ်ပြဲဖို့ ပိုမိုလွယ်ကူတာပေါ့ကွယ်။ စာရွက်တစ်ရွက်ချင်းကို မှတ်သားတယ်ဆိုတာကလည်း ပညာပါတာပါပဲ။ ခုနောက်ပိုင်းမှာတော့ ပြင်ပစာအုပ်တွေမှာ စာမှတ်ကတ်လေးတွေကိုပါ စာအုပ်ထဲမှာ ထည့်ပေးတတ်လာကြတာရှိတယ်။ ကျောင်းသုံးစာအုပ်တွေမှာတော့ မပါဘူးပေါ့ကွယ်။ ကိုယ့်ဘာသာပဲ စာမှတ်ဖို့အတွက် စာရွက်အလွတ်ဖြစ်စေ၊ ကပ်ထူအပိုင်းလေးတွေဖြစ်စေ လုပ်ထားနိုင်ရင်တော့ အကောင်းဆုံးပေါ့ကွယ်။ ဒီလိုအသိတွေကို မြေးတို့လိုငယ်ရွယ်စဉ် ကလေးဘဝကတည်းက ကောင်းမွန်တဲ့ အသိအမြင်တွေရထားရင် အကောင်းဆုံးပေါ့။ သိထားတဲ့ မြေးတို့ကလည်း သူငယ်ချင်းတွေကို ပြန်လည်လက်ဆင့်ကမ်းပြသပေးကြပေါ့”

“ဟုတ်ကဲ့ပါ ဘိုးလေး၊ မြေးတို့တွေ ပြန်လည် လက်ဆင့်ကမ်းပါ့မယ်ဆိုတာ ကတိပေးပါတယ်”

“သာဓုပါကွယ်၊ သာဓု၊ သာဓု၊ လိမ္မာယဉ်ကျေးကြပါပေတယ်”။

# ပါရမီဆယ်ပါးမင်္ဂလာ

သုတေသီ ဦးသိမ်းဇံ

**ဒါနပါရမီ**

**ဒါနအကျိုးသုခတိုး**

"ရှင်မရေ- သာဓုခေါ်ဆိုလိုက်ပေတော့။ ပြုခဲ့တဲ့ကုသိုလ်တွေအတွက် သာဓုခေါ်ဆိုဖို့ အမျှ အမျှ အမျှ ပေးဝေပါတယ်"

ပန်းများမပါသည့် ခြင်းတောင်းဗလာကိုကိုင်ဆောင်လျက်အိမ်ပေါ်သို့လှမ်းတက်လာသော သုမနပန်းသည်က ဇနီးဖြစ်သူအား ပြောလိုက်ခြင်းဖြစ်သည်။

"ရှင်-ရှင်-၊ ပန်းတွေလည်း ပါမလာပါလား။ ရှင် ဘာတွေလုပ်လာတာလဲ"

ဇနီးဖြစ်သူက ခြင်းတောင်းကို လှမ်းကြည့်ပြီး စိုးရိမ်ထိတ်လန့်စွာဖြင့် ပြန်မေးလိုက်သည်။ ပန်းများကို မြတ်စွာဘုရားထံ ဆက်ကပ်လှူဒါန်းပြီးပြန်လာသည့် သုမနမှာ အံ့အားသင့်သွားရသည်။ အမျှပေးဝေသော်လည်း သာဓုမခေါ်ဆိုနိုင်သည့် ဇနီးအတွက် စိတ်မကောင်းဖြစ်ရသည်။

"ပန်းတွေ ဘယ်ရောက်သွားလဲလို့ မေးနေတယ်လေ။ ရှင်ပန်းတွေကို ယူမလာဘူလား"

"ရှင်မရယ်၊ ဘာတွေမေးနေတာလဲ။ ဒီနေ့ပန်းတွေကို မြတ်စွာဘုရားရှင်ကို လှူလိုက်တယ်လေ။ ဒါကြောင့် မင်းကို သာဓုခေါ်ဆိုဖို့ ပြောနေတာ"

"အို- ရှင်၊ သာဓုခေါ်တာကို ထားပါဦး။ မင်းကြီးကိုဆက်သရမယ့်ပန်းတွေ မရှိတော့ရင် ရှင်တော့ မင်းပြစ်မင်းဒဏ် သင့်တော့မှာပဲ။ ရှင်မကြောက်ဘူးလားတော်"

ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးကို နေ့စဉ်ပန်းတော်ဆက်သရသည့်သုမနပန်းသည်အတွက် ယနေ့တွင် မင်းကြီးအား ပန်းများမဆက်သနိုင်လျှင် မင်းပြစ်မင်းဒဏ်သင့်မည့်အရေးကို ကြောက်လန့်တကြားဖြင့် ဇနီးဖြစ်သူက ပြန်ပြောလိုက်ခြင်းဖြစ်သည်။

"ဘုရားရှင်ကို ပန်းလှူလိုက်လို့ မင်းကြီးက အပြစ်ပေးလည်း ခံမယ်ကွာ။ အခုတော့ မင်းကုသိုလ်ရအောင် သာဓုခေါ်ဆိုလိုက်ပေတော့ ရှင်မရေ"

"အလိုတော်- ရှင်က လှူလိုက်လို့ မင်းကြီးက အပြစ်ပေးရင် ရှင်တစ်ယောက်ပဲခံလိုက်ပေ့ါ။ သတ်မယ်ဆိုရင်လည်း ရှင်ပဲ အသေခံလိုက်ပေတော့။ ကျုပ်တို့သားအမိတော့ အပါမခံနိုင်ပေါင်။ ကုသိုလ်မရချင်လည်း နေပါစေ။ သာဓုလည်း မခေါ်နိုင်ပါဘူးတော်"

"ဒီမိန်းမနှယ် ငါကွာ။ မင်းကိုလည်း ကုသိုလ်ရစေချင်လို့ပါ"

"ကုသိုလ်လည်း မလိုချင်ပါဘူးရှင်။ မင်းပြစ်မင်းဒဏ်လည်း မခံနိုင်ဘူး။ ရှင်လုပ်လာတာ ရှင်ပဲခံလိုက်။ ဒီကိစ္စ ကျုပ်နဲ့မဆိုင်ဘူးဆိုတာ မင်းကြီးဆီကို သွားပြီးလျှောက်ထားရမယ်။ ရှင်နဲ့လည်း တရားဝင်ကွာရှင်းမှဖြစ်မယ်။ ပြောနေကြာပါတယ်၊ ခုပဲနန်းတော်ထဲကို သွားတော့မယ်"

ဇနီးဖြစ်သူက ပြောပြောဆိုဆိုဖြင့် ဘုရင်မင်းမြတ်ထံသို့ သွားရန်ပြင်ဆင်တော့သည်။ နို့စို့အရွယ် သားငယ်ကို ချီပိုးလိုက်ပြီး နေအိမ်ပေါ်မှ ဆင်းသွားလေသည်။

"ဟဲ ဟဲ၊ နေဦးလေ"

သုမနပန်းသည်လည်း တားချိန်မရလိုက်။ တားလည်းရမည့်ပုံ မရှိချေ။ ဇနီးဖြစ်သူက နန်းတော်သို့ ခပ်သုတ်သုတ်ထွက်သွားသည်ကို ကြည့်ကာ ကျန်ရစ်ခဲ့တော့သည်။

"အရှင်မင်းကြီး အရှင်မင်းကြီး"

ရာဇဂြိုဟ်မြို့တွင်းသို့ ဘုရားရှင်ကြွလာရာလမ်းတစ်လျှောက် သုမနပန်းသည် လှူလိုက်သည့် ပန်းတို့က ပန်းဆိုင်း၊ ပန်းပြာသာဒ်များအဖြစ် ဘုရားရှင်ကို လိုက်ပါပူဇော်နေလေသည်။ အသက်မဲ့သော ပန်းတို့ကပင် မြတ်စွာဘုရားကို လိုက်ပါပူဇော်နေသဖြင့် ဘုရားရှင်၏ ဘုန်းကံကို သိမြင်တော်မူသော မြို့သူမြို့သားတို့ကလည်း မြတ်စွာဘုရား၏ နောက်တော်ပါးမှ လိုက်ပါပူဇော်လာကြရာ တရုန်းရုန်းဖြင့် ကြည်ညိုမဆုံးဖြစ်နေသည့်မြင်ကွင်းကို ပန်းသည်၏ ဇနီးက မြင်သော်လည်း စိတ်မဝင်စားနိုင်။ နန်းတော်သို့ အဆောတလျင်ဝင်ရောက်နိုင်ရေး အတွေးဖြင့် နန်းတော်ဆီသို့ သွားကာ ဘုရင်မင်းမြတ်ထံ ဦးတိုက်လျှောက်တင်လိုက်ခြင်းဖြစ်သည်။

"သူငယ်မရေ၊ သုမနကို ကွာရှင်းလိုတယ် ဟုတ်လား"

"မှန်လှပါ အရှင်မင်းကြီး။ မိုက်မဲတဲ့ လင်သားရဲ့ ဇနီးမယားအဖြစ် ဆက်ပြီး မနေဝံ့တော့လို့ပါ"

သုမနပန်းသည်၏ဇနီးက လင်သားကိုအပြစ်ဆိုလျက် ကွာရှင်းခွင့်တောင်းခံရာ သောတာပန် ပုဂ္ဂိုလ်ဖြစ်နေသည့် မင်းကြီးက ပန်းသည်၏ လုပ်ရပ်သည် သာမန်အားဖြင့် အပြစ်ရှိသည်မှန်သော်လည်း လှူဒါန်းလိုသည့် သဒ္ဓါစိတ်၏ လွှမ်းမိုးမှုကြောင့် မင်းဒဏ်သင့်မည့်အရေး တွေးမပူနိုင်ဘဲ စွန့်လွှတ်စွန့်စားကာ ပန်းများကို လှူဒါန်းလိုက်ခြင်းဖြစ်ပေရာ မင်းကြီးက ချီးကျူးလျက်ခွင့်လွှတ်တော်မူလေသည်။

"သူငယ်မ၊ သင့်လင်သားဟာ သင့်ကို ရိုးသားစွာ ရှာဖွေကျွေးမွေးခဲ့တဲ့ ကျေးဇူးကို ထောက်ရှုပြီး လင်သားအပြစ်ရရင်လည်း အတူမျှဝေခံစားလို့ အကျိုးရရင်လည်း အတူတကွ မျှဝေခံစားလိုစိတ် မရှိပေဘူးလား"

"ရူးသွပ်မိုက်မဲတဲ့လုပ်ရပ်ကို လင်သားကလုပ်ခဲ့လို့ အတူမျှဝေမခံစားနိုင်ပါဘူး အရှင်မင်းကြီး"

မင်းကြီးလည်း ကွဲပြားစွာ သိလိုက်ရသဖြင့် ပန်းသည်၏ဇနီးအလိုကျ ကွာရှင်းခွင့်ပေးလိုက်လေတော့သည်။

"မြတ်စွာဘုရား နန်းတော်သို့ကြွချီတော်မူလာကြောင်းပါ အရှင်မင်းကြီး"

မြတ်စွာဘုရားရှင်က မင်းကြီး၏ ဆန္ဒကိုသိမြင်တော်မူသဖြင့် နန်းတော်သို့ ကြွချီတော်မူကာ မင်းကြီး၏ ဆွမ်းအလှူကို ခံယူတော်မူပြီး ဆွမ်းအလှူအတွက် အနုမောဒနာတရား ချီးမြှင့်တော်မူရာတွင် ဒါနနှင့်ပတ်သက်၍ အထွတ်တင် ဟောကြားတော်မူလေသည်။

"မောင်မင်း ဒီနေ့ဆက်ကပ်ရမယ့် ပန်းတွေကို ဘုရားရှင်ကို လှူတယ်ဆိုတာ ဟုတ်မှန်သလော"

မင်းကြီးက မြတ်စွာဘုရားရှင် ဟောကြားသည့် ဒါနအစွမ်းအံ့မခန်းဖွယ် တရားတော်ကို နာကြားပြီး ဘုရားရှင် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွသွားချိန်တွင် ပန်းသည်သုမနအား အခေါ်ဆင့်ကာ စုံစမ်းမေးမြန်းတော်မူသည်။

"မှန်လှပါ အရှင်မင်းကြီး၊ မြတ်စွာဘုရားရှင်ကို လမ်းခရီးမှာ အနီးကပ်ဖူးမြော်ခွင့် ကြုံကြိုက်ရသည့်အခိုက် သဒ္ဓါကြည်ညိုလွန်းတာကြောင့် ပန်းများကို လှူဒါန်းလိုက်မိပါတယ်။ အပြစ်ပေးလျှင် ခံယူဖို့ အသင့်ပါအရှင်"

"သာဓုပါ၊ သာဓု၊ သာဓု။ အမောင်သုမန သင်ဟာ ပြုနိုင်ခဲတဲ့အမှုကိုပြုကာ မြတ်သောအလှူကို လှူဒါန်းနိုင်ခဲ့တာဖြစ်ပေတယ်။ ဒီအတွက် ထိုက်တန်တဲ့ဆုတော်ကို ချီးမြှင့်အံ့၊ ခံယူလိုက်ပါမောင်မင်း"

ဗိမ္ဗိသာရမင်းကြီးသည် ပန်းသည်၏ အပြစ်တို့ကို ခွင့်လွှတ်တော်မူပြီး မြတ်သောအလှူအတွက် ချီးကျူးထောမနာပြုကာ ဆင်ကောင်းရှစ်စီး၊ မြင်းကောင်းရှစ်စီး၊ သမီးကညာရှစ်ယောက်၊ ကျွန်မိန်းမရှစ်ယောက်၊ ကျွန်ယောကျ်ားရှစ်ယောက်၊ အဝတ်တန်ဆာနှင့် အသပြာရှစ်ထောင်စီ ကွမ်းဖိုးရသည့် ရွာကြီးရှစ်ရွာကို ချီးမြှင့်လိုက်လေတော့သည်။

သုမနပန်းသည်၏ သဒ္ဓါထက်သန်စွာဖြင့် လှူဒါန်းရသောဒါနကုသိုလ် အကျိုးဆက်ကား ချက်ချင်းလက်ငင်းအကျိုးပေးခဲ့ရာ "ဒါနအကျိုး သုခတိုး"လျက် ချမ်းသာမှုများစွာဖြင့် မျက်မှောက်ဘဝ၌ ကောင်းကျိုးချမ်းသာ ခံစားရခြင်းဖြစ်ပေတော့သည်။ ။

■

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ - ဖြာ မင်္ဂလာ




**မမေ့မလျော့သတိတည်ရမယ်**

**အပ္ပမာဒေါစ ဓမ္မေသု။**

"ကုသိုလ်တရားတို့ကို မမေ့မလျော့ခြင်း၊ မမေ့မလျော့သော သတိတည်ရမယ်"လို့ မြန်မာလို အဓိပ္ပာယ်ရတယ်။

၃၈-ဖြာ မင်္ဂလာကဗျာများရဲ့ ဆဋ္ဌမမြောက်ကဗျာဖြစ်တဲ့ "ရှောင်ကြဉ်ရေးမင်္ဂလာလေးပါး"ထဲက နံပါတ်(၄) မင်္ဂလာတရားပဲဖြစ်တယ်။ သားတို့၊ သမီးတို့၊ မောင်တို့ မယ်တို့အတွက် ဘဝတစ်သက်တာ မှတ်သားကြရမယ့် မင်္ဂလာတရားတွေပေ့ါကွယ်။

ဟိုး ရှေးရှေးအခါတုန်းက...။ ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီးစိုးစံမင်းပြုစဉ် အချိန်ကာလက ဖြစ်တယ်။ "အင်း- ငါဟာ သတိမပြုမိဘဲ မေ့လျော့လို့သာ ဒီလိုဆင်းရဲဒုက္ခမျိုးခံရတာပေပဲ"

ဘုရင့်ဘဏ္ဍာတိုက်ကို ဖောက်ထွင်းကာ ရတနာပစ္စည်းတွေကို ဝင်ရောက်ခိုးယူတဲ့ နာမည်ကြီးသူခိုးကြီး သတ္တုကရဲ့ တီးတိုးရေရွတ်လိုက်တဲ့ နောင်မှရတဲ့ နောင်တအသံဖြစ်ပေတယ်။

ဗာရာဏသီပြည်မှာ အဲဒီအချိန်အခါက သူခိုးကြီးတစ်ဦး အလွန်သောင်းကျန်းနေလေရဲ့။ သူခိုးကြီးဟာ ပါးနပ်လွန်းတာကြောင့် မင်းမှုထမ်းတွေကလည်း ဖမ်းဆီးနိုင်မှုမရှိသေးဘူးပေ့ါကွယ်။ အဲဒီသူခိုးကြီးရဲ့ အမည်က သတ္တုကလို့ အမည်တွင်သတဲ့။

ခိုးဆိုးသောင်းကျန်းနေတာကို ပြည်သူ ပြည်သားတွေက သိနေကြပေမယ့် သူခိုးကြီးရဲ့ အရိပ်အယောင်ကို မတွေ့ရဘူးဖြစ်နေတယ်။ သူခိုးကြီးဟာ ဖောက်ထွင်းခိုးမှု ကျူးလွန်ရာမှာ ပိရိသေသပ်လွန်းတာကြောင့် ဖမ်းလို့ မိနိုင်ဘဲဖြစ်နေရတယ်ကွယ့်။ ဒီလိုနဲ့ တစ်နေ့မှာတော့ သူခိုးကြီး ကံဆိုးမိုးမှောင်နဲ့ ကြုံကြိုက်လာရတယ်။

"ရာဇဝတ်ဘေးဆိုတာ ပြေးမလွတ်ပါဘူးကွာ"

မင်းမှုထမ်းတွေဟာ ပြောနေကျစကားကို ထပ်ပြန်တလဲလဲရေရွတ်ကာ အစောင့်အကြပ်တွေကိုလည်း တိုးမြှင့်ချထားတာပေ့ါ။

"တစ်နေ့တော့ မိလာမှာပါ"

မြို့သူမြို့သားတွေကလည်း တီးတိုးပြောဆိုနေကြတာပေ့ါ။ ဒါပေမယ့် သူခိုးကြီးကိုတော့ မမိနိုင်သေးဘူး ဖြစ်နေတယ်။ တိုင်းသူပြည်သားတွေက ကြာလာတော့စိတ်ပျက်အားငယ်လာကြတယ်။ ဒါကို သိမြင်လေတဲ့ ဗြဟ္မဒတ်မင်းကြီးက မင်းမှုထမ်းတွေကို ကြိမ်းမောင်းပြီး အစောင့်အကြပ်တွေကို ပိုမိုစနစ်ကျအောင် စီမံစေခိုင်းတော့တာပေ့ါကွယ်။

"ဟယ်- သူခိုးကြီးသတ္တုကကို မိပြီတဲ့ဟေ့"

ပြည်သူတွေ မျှော်လင့်စောင့်စားနေတဲ့သတင်းကောင်းကို ကြားသိရတော့တယ်။

မင်းမှုထမ်းတွေကလည်း တိုင်းပြည်အနှံ့ ကြေညာမောင်းခတ်တော့တာပေ့ါ။

သူခိုးကြီးကို လက်ပြန်ကြိုးတုပ်ကာ ရိုက်နှက်ပြီး မြို့တွင်းလမ်းမကြီး၊ လမ်းသွယ်တွေပါမကျန် တစ်လမ်းဝင် တစ်လမ်းထွက်လှည့်လည်ပြသပြီး လူဆိုးသူခိုးတို့ရဲ့ သွားရာမရဏလမ်းကိုပို့ဆောင်တော့မှာ ဖြစ်ပေတယ်။

"အင်း- ငါဟာ သတိမပြုမိဘဲ မေ့လျော့လို့သာ ဒီလိုဆင်းရဲဒုက္ခမျိုးခံရတာပေပဲ"

နန်းတော်ထဲဝင်ရောက်ကာ ဘုရင့်ဘဏ္ဍာတိုက်ကို ဖောက်ထွင်းပြီး ရတနာတွေကို ခိုးယူနေစဉ် မင်းမှုထမ်းတို့ရဲ့ ဖမ်းဆီးမှုကိုခံလိုက်ရတာဖြစ်တဲ့ သူခိုးကြီးသတ္တုကက တီးတိုးရေရွတ်မြည်တမ်းလိုက်လေတယ်။

"ဒီအပြစ်သားရဲ့ အသံကိုကြားလိုက်ရတာ သနားကရုဏာသက်မိပါရဲ့၊ ငါ့စိတ်တွေဘယ်လိုများဖြစ်ရတာပါလိမ့်၊ သူ့အသံက ငါ့ရင်ကိုလွှမ်းမိုးနိုင်လိုက်တာ၊ သနားလှပါဘိတော့"

အိမ်ရှေ့ကဖြတ်သွားတဲ့ အပြစ်သားရဲ့အသံကို ကြားလိုက်ရတဲ့ ရုပ်ဆင်းအင်္ဂါနဲ့ပြည့်စုံလှပတဲ့ သုလသာ အမည်ရှိပြည့်တန်ဆာအမျိုးသမီးက အသံထွက်သည် အထိ ရေရွတ်ကာ လမ်းမပေါ်ကို ပြေးထွက်လာပြီး အသပြာတစ်ထောင်ပေး ရွေးယူကာယ်တင်လိုက်ကာ လင်ယောကျ်ားအဖြစ် အေးချမ်းစွာ အတူနေထိုင်တော့သတဲ့။

ဒီလိုနဲ့ တစ်နေ့မှာတော့ သတ္တုက သူခိုးရဲ့ဗီဇ ပြန်ပေါ်လာပြီး ကျေးဇူးရှင်ဇနီးဖြစ်သူ သုလသာ ဝတ်ဆင်ထားတဲ့ ရွှေငွေတွေကို လိုချင်တပ်မက်စိတ်ဝင်လာတယ်။ အဲဒီစိတ်နဲ့ ဇနီးကို အယုံသွင်းဖြားယောင်းလို့ တောင်ပေါ်ကိုခေါ်ဆောင်သွားပြီး ဓားနဲ့ခြိမ်းခြောက်ကာ လက်ဝတ်တန်ဆာတို့ကို ချွတ်ခိုင်းလေတော့တယ်။

"ယောကျ်ားရေ ရှင်ကျွန်မကို သတ်မှာဆိုလည်း သတ်ပါ။ မသေခင်တော့ ကျွန်မချစ်တဲ့ ရှင့်ကို နောက်ဆုံးအနေနဲ့ ဖတ်ထားခွင့်တော့ပေးပါနော်"

သတ္တုကဟာ ဇနီးရဲ့ပြောစကားကို ယုံမှတ်ကာ ခွင့်ပြုလိုက်တဲ့အခါ သုလသာက "ငါ့အသက်ချမ်းသာမှာ မဟုတ်တော့ဘူး "ဆိုတဲ့အသိကို မမေ့မလျော့ဘဲ သတိဝင်တည်ကာ ကျေးဇူးရှင်ကို သစ္စာမဲ့တဲ့ ယောကျ်ားဖြစ်သူ သတ္တုကကို ကျောက်တောင်အစွန်းမှာ ဖက်ယောင်ပြုပြီး ချောက်ထဲကို တွန်းချလိုက်တော့တာပေ့ါကွယ်။

အပ္ပမာဒေါစ ဓမ္မေသု။

"ကုသိုလ်တရားတို့ကို မမေ့မလျော့ခြင်း၊ မမေ့မလျော့သော သတိတည်ရမယ်"လို့ မြန်မာလို အဓိပ္ပာယ်ဖော်ဆောင်တဲ့ နိပါတ်တော်လာမှတ်သားစရာ ပုံဝတ္ထုတစ်ခုပါပဲ။

သားတို့သမီးတို့မောင်တို့မယ်တို့အတွက်သာမက လူတိုင်းလူတိုင်း အသိကြွယ်ကာ ကျင့်ဆောင်ကြရမယ့် "ရှောင်ကြဉ်ရေးမင်္ဂလာ"နည်းနာတွေပေ့ါကွယ်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

"ခင်ကြီးကို နှစ်သိမ့်နိုင်အောင် ကြိုးစားနေတာလား အစ်ကိုထွန်း" ဟု ဆိုကာ ဒေါ်ဝင်းရီဘက်သို့ ကြည့်၍ -

"အစ်ကိုထွန်းပြောတာတွေ အမှန်ပဲလား မမဝင်းရီ"

မယုံရဲ မယုံဝံ့သေးသလို မေးသည်။

ဒေါ်ဝင်းရီက ပြုံးရွှင်စွာဖြင့် ခေါင်းကို အလေးအနက် ညိတ်ပြသည်။

"ဒါဖြင့် အခု ခင်ကြီးတို့ သမီးကို သွားကြိုကြမှာပေါ့နော်၊ ဒါကြောင့် မင်္ဂလာဒုံကို သွားမှာမဟုတ်လား"

"ဟုတ်တယ်။ အစက နွယ်နွယ်ထွန်းကို တို့လူသိုက်ချည်းပဲ သွားကြိုရလိမ့်မယ် ထင်တာ။ အခုတော့ အဆင်ပြေလိုက်တာကွယ်။ ညီမကိုမြင်ရရင် နွယ်နွယ်ထွန်း ဘယ်လောက်ဝမ်းသာမလဲ မသိဘူး"

"အို ခင်ကြီးလည်း ဝမ်းသာနေရတာပါပဲ။ ခင်ကြီး ရူးရလိမ့်မယ်ထင်တယ်။ ဝမ်းသာတာနဲ့ ရူးရလိမ့်မယ် ထင်တယ်။ ဒီတစ်ခါတော့ မလွဲနိုင်တော့ပါဘူးနော်။ အမှားအယွင်းတွေ မဖြစ်နိုင်တော့ပါဘူးနော်။ အဲဒီလို ဖြစ်မလာပါစေနဲ့လို့လည်း ခင်ကြီး ဆုတောင်းပါတယ်ရှင်"

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ကလေးတစ်ယောက်နှယ် အော်ဟစ်ပြောဆိုနေသည်။ ဒေါ်ဝင်းရီကို ဖက်သည်။ ဒေါ်ဝင်းရီ၏ရင်တွင် မျက်နှာအပ်လိုက်သည်။ ဝမ်းသာမှုဖြင့် သူ့မျက်ဝန်းမှ မျက်ရည်များ စီးကျလာသည်ကို အားလုံးက တွေ့ကြရသည်။ ဒေါ်ဝင်းရီသည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ကျောကို ပွတ်သပ်ကာ နှစ်သိမ့်ချော့မော့နေရပေသည်။

"ဒီလိုဆိုရင် ခင်ကြီး လူ့လောကမှာ ဆက်ပြီး အသက်ရှင်နေတာ အဓိပ္ပာယ်ရှိနေသေးတာပေါ့နော်။ ခင်ကြီးနဲ့သမီးကို ပြန်ပြီး ဆုံတွေ့ခွင့်ရအောင် ဖန်တီးပေးတဲ့အတွက် ခင်ကြီး အားလုံးကို ကျေးဇူးတင်ပါတယ်။ အစ်ကိုထွန်းကိုရော၊ မမဝင်းရီကိုရော၊ ကိုကို့ကိုရော အားလုံးကိုပဲ ကျေးဇူးတင်ပါတယ်။ တစ်လောကလုံးကို ကျေးဇူးတင်ပါတယ်"

ဒေါ်ရေနံ့သာခင်ခင်ကြီး ရှိုက်ရင်းဆိုသည်။

"ဒါပေမဲ့ နွယ်နွယ်ထွန်းနဲ့ပတ်သက်တဲ့ကိစ္စကိုတော့ မျိုးထွန်းသိန်းကို အဓိက ကျေးဇူးတင်ရပေလိမ့်မယ် ညီမ။ သူ့ကြောင့်သာ နွယ်နွယ်ထွန်းနဲ့ တို့များ အဆက်အသွယ်ရတာ။ မျိုးထွန်းသိန်းဟာ နန်းကိန္နရီကို ညီမရဲ့သမီး မဟုတ်မှန်းသိရပြီးတဲ့နောက် သူနဲ့ တစ်ချိန်ကဆုံခဲ့ဖူးတဲ့ အဲလစ်ကို အမှတ်ရတယ်။ အဲလစ်ဆိုတာ နွယ်နွယ်ထွန်းရဲ့ ကျောင်းကပေးတဲ့နာမည်။ အဲလစ်ကျော်ထွန်းပေါ့။ အဲလစ်ဟာ နန်းကိန္နရီနဲ့ ရုပ်ချင်းဆင်တယ်။ သူက ရုပ်ချင်းဆင်တဲ့ လူနှစ်ယောက်ကို တွေ့ခဲ့တဲ့လူဆိုတော့ နန်းကိန္နရီဟာ ညီမရဲ့သမီးမဟုတ်ဘူးဆိုရင်




နန်းကိန္နရီနဲ့တူတဲ့လူဟာ ကျိန်းသေ ညီမရဲ့သမီးဖြစ်ရမယ်လို့ တွက်ခဲ့တယ်။ ဒါနဲ့ အဲလစ်နဲ့ပတ်သက်တဲ့ အဆက်အသွယ်တွေ လိုက်ရှာတယ်။ အဲလစ်နဲ့ တွေ့နိုင်အောင် ကြိုးစားတယ်။ ဒီမှာတင် တိုင်းမင်းကြီးအဖြစ်နဲ့ အငြိမ်းစားယူသွားတဲ့ အဲလစ်ရဲ့ ဖခင်အဖြစ် သူသိထားရတဲ့ ဦးကျော်ထွန်းကို ရှာတွေ့ခဲ့တယ်"

"ဦးကျော်ထွန်းကို အဖြစ်အပျက်အားလုံးကို ပြောပြပြီး အဲလစ်ကို မွေးစားခဲ့တာ ဟုတ်၊ မဟုတ် မေးတယ်။ အစပိုင်းတော့ သူက ငြင်းခဲ့ပါသေးတယ်။ ဒီအကြောင်းကို ဖုံးကွယ်ခဲ့ပါသေးတယ်။ နောက်တော့ ညီမရဲ့အဖြစ်ကို သတင်းစာတွေကတစ်ဆင့် သိရပြီး စာနာစိတ်ဝင်လာတယ်လို့ ဆိုတယ်။ အစ်ကိုထွန်းနဲ့ လာတွေ့ပြီး အဖြစ်အပျက်တွေကို စုံစမ်းတယ်။ နောက်တော့ အဲလစ်ဟာ သူ့ရဲ့ မွေးစားသမီးပါလို့ ဝန်ခံခဲ့တယ်။ ဒီလိုနဲ့ တို့များ အဲလစ်ခေါ် နွယ်နွယ်ထွန်းကို ခြေရာကောက်နိုင်ခဲ့ကြတယ်။ နွယ်နွယ်ထွန်းဟာ အဲဒီအချိန်မှာ နိုင်ငံခြားကို ရောက်နေပြီ။ စာနဲ့ အဆက်အသွယ်လုပ်ကြရတယ်။ ဒီကအဖြစ်တွေ ရေးပြရတယ်။ နွယ်နွယ်ထွန်းကိုယ်တိုင်ကလည်း သူ့အဖြစ်အပျက်အတွက် အံ့အားသင့်နေရှာတာပဲပေါ့။ အံ့သြနေရတာပဲပေါ့။ သူကိုယ်တိုင် မြန်မာပြည်ကို ချက်ချင်းပြန်လာချင်တယ်။ သူ မမြင်မတွေ့ဖူးသေးတဲ့ မိခင်ကို မြင်ချင်တွေ့ချင်ပါတယ်လို့ ဆိုခဲ့တယ်။ အခုတော့ မိနစ်ပိုင်းအတွင်းမှာ သူ့ရဲ့ဆန္ဒပြည့်ဝရတော့မှာပါ။ တစ်ဆက်တည်းမှာလည်း ညီမတောင့်တခဲ့တဲ့၊ တသခဲ့တဲ့၊ ဘဝတစ်လျှောက်လုံးမျှော်လင့်ခဲ့တဲ့ ညီမရဲ့သမီးကို မိနစ်ပိုင်းအတွင်း ဆုံရတော့မှာပါ"

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ရင်မှာ ခုန်လာသည်။ အသည်းနှလုံးသည် တဆတ်ဆတ်တုန်နေသည်ဟု

**"အပြည်ပြည်ဆိုင်ရာ မင်္ဂလာဒုံလေယာဉ်ကွင်းသည် နေ့ညမဟူ စည်ကားသိုက်မြိုက်နေတတ်သည်။ ပြည်တွင်း ပြည်ပ လေယာဉ်အဝင်အထွက်တို့ဖြင့် တစ်ရံမလပ် ဆူညံရှုပ်ထွေးနေတတ်သည်။ ခရီးသည်များ၊ အမှုထမ်းများဖြင့် ညှော်ခန်းမမှာ ထာဝစဉ် အသက်ဝင် လှုပ်ရှားနေတတ်သည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးတို့လူသိုက်သည် မင်္ဂလာဒုံလေယာဉ်ကွင်းသို့ ရောက်ရှိနေကြသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးအပါအဝင် ဗိုလ်မှူးညိုထွန်း၊ ဦးခင်မောင်ညွန့်၊ ဒေါ်ဝင်းရီ၊ ဦးကျော်ထွန်း၊ ဒေါ်နွယ်နွယ်၊ မျိုးထွန်းသိန်းနှင့် နန်းကိန္နရီတို့ ဖြစ်ကြသည်။ သူတို့သည် မကြာမီဆိုက်ကပ်မည့် လေယာဉ်တွင် ပါလာမည်ဖြစ်သော အဲလစ်ခေါ် နွယ်နွယ်ထွန်းကို…"**

ထင်သည်။ ဗိုလ်မှူးညိုထွန်းပြောသလို သမီးနှင့် မိနစ်ပိုင်းအတွင်း ဆုံတွေ့ရတော့မည်ကို သိပါလျက် ယင်းအချိန်ကလေးကိုပင် ကြာလွန်းသည်ထင်ကာ စိတ်မရှည်နိုင်အောင် ရှိရသည်။ စိတ်အစဉ်သည် ရှေ့မှအလျင်သွားနှင့်သည်သို့ ဖြစ်သည်။ အလျင်ကြိုဆိုနှင့်သည်သို့ ရှိသည်။

မျက်ဝန်းမှာ သမီးဖြစ်သူ၏ ရုပ်သွင်ဆင်းဝါ လက္ခဏာအသွယ်သွယ်ကို မြင်ယောင်လာသည်။ ထိုရုပ်သွင်ဆင်းဝါသည် မျက်ဝန်းမှသည် နှလုံးသားထဲ၌ အရိပ်ထင်လာလိမ့်မည်ဟု ယုံကြည်သည်။

နားမှာ "မေမေ" ဟူသော ချိုဆိမ့်ပျံ့မွှေး အေးမြကြည်သာလှသည့် သမီးဖြစ်သူ၏ ခေါ်ဆိုလာမည့် အသံကို ကြားယောင်နေရသည်။

ယင်းအသံသည် သည်းဖျားစိမ့်မျှ ငြိမ့်ညောင်းလှပေလိမ့်မည်ဟုလည်း မှတ်ယူသည်။ နားမှသည် နှလုံးသည်းပွတ်ဆီသို့ စိမ့်စီးဝင်ရောက်သွားကာ ရင်ကို တသိမ့်သိမ့် တငြိမ့်ငြိမ့် ခံစားစေနိုင်စွမ်းရှိပေလိမ့်မည်ဟုလည်း ထင်နေမိပါချေသတည်း။

x x x x x

## အပိုင်း [၁၀]

စိန်ခြယ်ခြူးသန်း၊ ရွှေနန်းဘုံလယ်၊ ပျော်စမ္ပာယ်၊ နေမျိုးနတ်ကယ်၊ သေးသေးသွယ်သွယ်၊ ယဉ်မှုူး ရွှေမျှော့မယ်၊ အိုလှနတ်ကယ်၊ ကေသွယ်ကြော့ရှင်း၊ သွန်းရွှေရုပ်ကယ်။

ကြေးသွင်းနိတုံ၊ ဆင်းရွှေမှုန်၊ ယမုန်သီတာ ရောလမ်း၊ ခွေကာပမ်းရ လွမ်းမပြေ၊ မယ့်ကို သေစေ ညွှန်းရော့သလား၊ မယ်ကို သေစေညွှန်းရော့သလား။

ရေးရွှေရုပ်နတ်တူနှယ်၊ စက်ရာဝယ်မြင်လာစမ်း၊ ပူဝန်းဖြေမပြေ၊ ငယ်ကြင်ဆွေကြောင့်၊ တွေဝေမှား။

x x x x x

[ ၁ ]

အပြည်ပြည်ဆိုင်ရာ မင်္ဂလာဒုံလေယာဉ်ကွင်းသည် နေ့ညမဟူ စည်ကားသိုက်မြိုက်နေတတ်သည်။ ပြည်တွင်းပြည်ပ လေယာဉ်အဝင်အထွက်တို့ဖြင့် တစ်ရံမလပ် ဆူညံရှုပ်ထွေးနေတတ်သည်။ ခရီးသည်များ၊ အမှုထမ်းများဖြင့် ညှော်ခန်းမမှာ ထာဝစဉ် အသက်ဝင် လှုပ်ရှားနေတတ်သည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးတို့ လူသိုက်သည် မင်္ဂလာဒုံလေယာဉ်ကွင်းသို့ ရောက်ရှိနေကြသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးအပါအဝင် ဗိုလ်မှူးညိုထွန်း၊ ဦးခင်မောင်ညွန့်၊ ဒေါ်ဝင်းရီ၊ ဦးကျော်ထွန်း၊ ဒေါ်နွယ်နွယ်၊ မျိုးထွန်းသိန်းနှင့် နန်းကိန္နရီတို့ ဖြစ်ကြသည်။ သူတို့သည် မကြာမီဆိုက်ကပ်မည့် လေယာဉ်တွင် ပါလာမည်ဖြစ်သော အဲလစ်ခေါ် နွယ်နွယ်ထွန်းကို စောင့်ကြိုနေကြခြင်းပင်တည်း။

စောင့်မျှော်ကြိုမောရခြင်းဟူသည် အဘယ်မျှ စိတ်မရှည်နိုင်ဖွယ် ကောင်းလှသည်ဆိုခြင်းကို ဒေါ်ရေနံ့သာခင်ခင်ကြီးအား ကြည့်ခြင်းဖြင့် သိသာထင်ရှားသည်။ အားလုံးက နွယ်နွယ်ထွန်းရောက်လာမည်ဆိုခြင်းကို ပူနွေးသောရင်ဖြင့် စောင့်မျှော်ကြိုမောနေကြသည်ပင် ဖြစ်ပါသည်။ ရင်မှာ လှုပ်ရှားတက်ကြွမှုကို ခံစားနေရသည်ပင် ဖြစ်ပါသည်။ သို့စင်လျက် သည်အထဲမှာ ဒေါ်ရေနံ့သာခင်ခင်ကြီးသည် စိတ်အလှုပ်ရှားရဆုံး ဖြစ်မည်ထင်သည်။ ရင်မှာ အပူနွေးရဆုံး ဖြစ်မည်ထင်သည်။ သူတို့လူသိုက်သည် လေယာဉ်ဆိပ် စားသောက်ခန်းတွင် ရှိကြသည်။ အခြားသူများက စားပွဲတွင် ထိုင်နေလင့်ကစား ဒေါ်ရေနံ့သာခင်ခင်ကြီးမှာမူ အငြိမ်အသက် ထိုင်နေနိုင်ပုံမရ။ လေယာဉ်ကွင်းကို အပေါ်စီးမှ လှမ်း၍မြင်နိုင်သောနေရာမှာ ရပ်နေသည်။ လေယာဉ်ပြေးလမ်းဆီသို့ စူးစိုက်ငေးမောနေသည်။

ဝင်လုဆဲ နေရောင်ခြည်သည် အလုံအပြည့် ကာရံထားသော မှန်ချပ်ကို ထိုးဖောက်လျက် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ကိုယ်ပေါ်သို့ တိုက်ရိုက်ကျဆင်းကာ ရွှေရောင်ပက်ဖျန်းပေးထားသလို ဖြစ်နေသည်။ သူ့ဆံပင်များသည် ရွှေရောင်သန်းနေသည်။ မျက်နှာတစ်ခြမ်းမှာ ရွှေရောင်ဖြာနေသည်။ တက်ကြွရခြင်းကြောင့်လား၊ ဝမ်းသာရခြင်းကြောင့်လား မသိ။ သူ့မျက်နှာမှာ မျှော်လင့်ချက်တစ်ရပ်ဖြင့် လှုပ်ရှားနေသည်ကား အမှန်ပါပင်။

ကျဉ်းကျပ်မည်းမှောင်သော ထောင်ထဲတွင် ကြာမြင့်စွာနေခဲ့ရ၍ပဲ ထင်သည်။ ဒေါ်ရေနံ့သာခင်ခင်ကြီး၏အသွင်မှာ ညှိုးလျနေသည်။ နွမ်းနယ်နေသည်။ အသားအရေ လျော့ပါးဖျော့တော့နေသည်။ အဆင်အပြင် အခြယ်အသမရှိသောကြောင့်လည်း သာမန်မိန်းမသားတစ်ယောက်နှယ် ရိုးရိုးစင်းစင်း ဖြစ်နေသည်။

စောစောက ရွာချခဲ့သည့် မိုးပြေးတစ်ပြိုက်ကြောင့် အရာရာသည်သန့်စင်နေသည်။ တောက်ပနေသည်။ လေယာဉ်ဆိုက်ကပ်လေ့ရှိရာ အင်္ဂတေလွင်ပြင်ပေါ်မှာ ရေအချို့ တင်ကျန်ရစ်သည်။ အိုင်ငယ်ကလေးများ ဟိုတစ်ကွက် သည်တစ်ကွက် ဖြစ်ပေါ်နေသည်။ နေရောင်ခြည်သည် ရေကွက်အိုင်ငယ်ကလေးများ ပေါ်သို့ ထိုးကျကာ ရောင်ပြန်များ တလက်လက် ထနေသည်။ အပူငွေ့တံလျှပ်များ တရှိန်ရှိန် ပြေးနေသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ မျက်စိအစုံသည် အနောက်မိုးကုပ်စက်ဝိုင်းဆီသို့ ရောက်နေသည်။ မမှိတ်မသုန် စူးစူးစိုက်စိုက်ကြီး ကြည့်နေသည်။ မျက်တောင်မှခတ်ပါလေစ ထင်ရသည်။

ဆည်းဆာသည် တောက်ပဆဲဖြစ်သည်။ ပူနွေးဆဲရှိသည်။ ယင်းနေရာတစ်ဝိုက်တွင် ဖြူလွှင်ဖောင်းကြွသော တိမ်တစ်တိုက်ရှိသည်။ ပြာသောကောင်းကင်၌ ရွက်တိုက်လွင့်မျောနေသည်။ နေအရောင်က ၎င်းတို့၏အနားစကို ရွှေရောင်ကွပ်ပေးထားသည်။ တိမ်မှ ယိုဖိတ်ကျလာသော နေရောင်ခြည်တန်းမှာ ရွှေချည်မျှင်များကို ရက်ကန်းရှယ်ထားသည်နှင့် တူလှသည်။ အရှေ့မိုးကုပ်စက်ဝိုင်းဆီမှာ ဝါ၊ နီ၊ ပြာ၊ ခရမ်း စသော ရောင်စုံယှက်ဖြာနေသည့် သက်တံတစ်စင်း ပေါ်ထွန်းလျက်ရှိသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ရင်မှာ ပူနွေးနေသည်။ တုန်ယင်နေသည်။ စိတ်လှုပ်ရှားမှုကြောင့် ကိုယ်သည်ပင် တဆတ်ဆတ်တုန်ချင်မတတ် ရှိသည်။

"သမီး၊ သမီး … သမီးလေး"

သည်စကားသံသည် အဝေးမှ ပဲ့တင်သံသဖွယ် မြည်ဟည်းလာပြီး အသည်းနှလုံးအိမ်သို့ အရှိန်အဟုန်ပြင်းစွာ ရိုက်ခတ်နေသည့်နှယ်ရှိသည်။ သည်အသံကို ကြားယောင်ရလေတိုင်း ရင်ထဲမှာ သိမ့်ခနဲ ငြိမ့်ခနဲ ဖြစ်သွားသည်ထင်မိ၏။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# (၁၁)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲသို့ ယှဉ်ပြိုင်ရန် မြန်မာမသန်စွမ်းအားကစားအဖွဲ့ အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၆

ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၆ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဆိုလိုမြို့တွင် ကျင်းပမည့် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာမသန်စွမ်းအားကစားအဖွဲ့သည် ယနေ့နံနက် ၄ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာအမျိုးသားလေကြောင်းစင်းလုံးငှားလေယာဉ်ဖြင့် အင်ဒိုနီးရှားနိုင်ငံ ဆိုလိုမြို့သို့ ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ ဥပဒေချုပ် ဦးဌေးအောင်နှင့် တာဝန်ရှိသူများက အားပေးစကားပြောကြားပြီး တစ်ဦးချင်းနှုတ်ဆက်ကာ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အင်ဒိုနီးရှားနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ပြေးခုန်ပစ်၊ မြားပစ်၊ Goalball၊ ရေကူး၊ ဘောလုံး၊ ထိုင်လျက်ဘော်လီဘော၊ အလေးမ စသည့် အားကစားနည်းခုနစ်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံကိုယ်စားပြု ဖိတ်ကြားခံရသောကာကွယ်ရေးဝန်ကြီးဌာန ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်လှမိုးခေါင်းဆောင်ပြီး မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အုပ်ချုပ်သူများ၊ နည်းပြများ၊ မသန်စွမ်းအားကစားသမားများ စုစုပေါင်း ၁၀၈ ဦး လိုက်ပါသွားကြသည်။

ဗလစိုး





## စီရိုနယ်လ်ဒိုက ၎င်း၏အနာဂတ်အရေးနှင့် စပ်လျဉ်း၍ မန်ယူအသင်းနည်းပြ အဲရစ်တန်ဟက်နှင့် ဆွေးနွေးမည်

မန်ယူအသင်းတိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ အိုးထရက်ဖို့ဒ်မှာ အနာဂတ်ဆက်ရှိရေး၊ မရှိရေးနဲ့ ပတ်သက်ပြီး မန်ယူအသင်းနည်းပြ အဲရစ်တန်ဟက်နဲ့ ဆွေးနွေးသွားဖို့ရှိနေတယ်လို့ သိရပါတယ်။

အသက် ၃၇ နှစ်အရွယ်ရှိ ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ယခုအပြောင်းအရွှေ့ကာလအတွင်း မန်ယူအသင်းကနေ ထွက်ခွာဖို့ ဆန္ဒရှိခဲ့သူလည်းဖြစ်ပါတယ်။ ဒါ့အပြင် စီရိုနယ်လ်ဒိုဟာ ပုဂ္ဂိုလ်ရေးဆိုင်ရာ အကြောင်းပြချက်တွေကြောင့်လည်း မန်ယူအသင်းရဲ့ ထိုင်းနိုင်ငံနဲ့ ဩစတြေးလျနိုင်ငံတို့ကို သွားရောက်ခဲ့တဲ့ ရာသီအကြိုပွဲစဉ်တွေမှာ လွဲချော်ခဲ့ရပါတယ်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ အသင်းရဲ့လေ့ကျင့်ရေးအစီအစဉ်တွေမှာ ပါဝင်ခြင်းမရှိသေးပေမယ့် မန်ချက်စတာမြို့ကိုတော့ ပြန်လည်ရောက်ရှိနေပြီဖြစ်ပါတယ်။ စီရိုနယ်လ်ဒိုအနေနဲ့ အသင်းကနေ ထွက်ခွာဖို့ ဆန္ဒရှိနေပေမယ့် အဲရစ်တန်ဟက်ကတော့ စီရိုနယ်လ်ဒိုကို သူ့ရဲ့ရောင်းချမယ့် ကစားသမားစာရင်းထဲမှာ ထည့်မထားဘူးလို့ ဆိုပါတယ်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းနဲ့ အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းတို့မှာ ကစားခဲ့ပြီးနောက် ပြီးခဲ့တဲ့ ဘောလုံးရာသီက မန်ယူအသင်းဆီ ပြန်လည်ပြောင်းရွှေ့လာခဲ့သူဖြစ်ပါတယ်။

စီရိုနယ်လ်ဒိုဟာ မန်ယူအသင်းဆီပြန်လည်ရောက်ရှိလာချိန်ဖြစ်တဲ့ ပြီးခဲ့တဲ့ဘောလုံးရာသီက မန်ယူအသင်းရဲ့ ထိပ်တန်းဂိုးသွင်းရှင်အဖြစ် ရပ်တည်ခွင့်ရရှိခဲ့ပြီး ပရီမီယာလိဂ်ပြိုင်ပွဲမှာ တတိယဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် မန်ယူအသင်းကတော့ ရာသီသိမ်းချိန်မှာ ပရီမီယာလိဂ် အမှတ်ပေးဇယားရဲ့ အဆင့်(၆)နေရာမှာ ရပ်တည်ခဲ့တာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်နဲ့ လွဲခဲ့ရတာဖြစ်ပါတယ်။

ငွေကြယ်

## ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲတွင် ခြင်းလုံးအားကစားနည်း ပါဝင်မည်

ရန်ကုန် ဇူလိုင် ၂၆

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့ရိုးရာအားကစားနည်းဖြစ်သည့် ခြင်းလုံးအားကစားနည်း ပါဝင်လာမည်ဖြစ်သည်။

ကမ္ဘောဒီးယားအိုလံပစ်ကော်မတီသည် လာမည့်ဆီးဂိမ်းပြိုင်ပွဲတွင် ဆုတံဆိပ်ချီးမြှင့်မည့် အားကစားနည်း ၃၉ မျိုး၊ သရုပ်ပြအားကစားနည်းတစ်မျိုး စုစုပေါင်းအားကစားနည်း ၄၀ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ခြင်းလုံးအားကစားနည်းကို ပိုက်ကျော်ခြင်းအားကစားနည်းနှင့်အတူ ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ခြင်းလုံးအားကစားနည်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း အတည်ပြုထားသော်လည်း ပါဝင်မည့် ပြိုင်ပွဲအမျိုးအစားများနှင့် အမျိုးသမီးပွဲစဉ်ပါဝင်ခြင်း ရှိ၊ မရှိ ထပ်မံထုတ်ပြန်မည်ဖြစ်သည်။

မြန်မာ့ရိုးရာအားကစားနည်းဖြစ်သည့် ခြင်းလုံးအားကစားနည်းကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် စတင်ထည့်သွင်းကျင်းပခဲ့ပြီး ယင်းပြိုင်ပွဲတွင် အမျိုးသားနှင့် အမျိုးသမီးပွဲစဉ် နှစ်ခုစလုံး ပါဝင်ခဲ့သည်။ ၂၀၁၅ စင်ကာပူ ဆီးဂိမ်းပြိုင်ပွဲနှင့် ၂၀၁၇ မလေးရှားဆီးဂိမ်းပြိုင်ပွဲတွင် ခြင်းလုံးအားကစားနည်း ထပ်မံပါဝင်ခဲ့သော်လည်း အမျိုးသားပွဲစဉ်များသာ ပါဝင်ခဲ့ခြင်းဖြစ်သည်။ သို့သော် ၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲနှင့် ၂၀၂၁ ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတို့တွင်မူ ပါဝင်ခြင်းမရှိဘဲ ၂၀၂၃ ဆီးဂိမ်းပြိုင်ပွဲမှ တစ်ကျော့ပြန်ပါဝင်လာခြင်းဖြစ်သည်။

(၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ၂၀၂၃ ခုနှစ် မေလတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအားကစားအဖွဲ့အများစုမှာလည်း စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

ကိုညီလေး

## လဟယ်မြို့တည် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ကျင်းပ

လဟယ် ဇူလိုင် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တည်နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ (ဖလား)ရပ်ကွက်ကျေးရွာပေါင်းစုံ အလွတ်တန်းဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် လဟယ်မြို့ ရွှေပြည်သာ အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ အားကစားသမားများက နေရာယူပြီး ကွင်းဖွင့်ပွဲအခမ်းအနားကို စစ်ကြောင်းမှူးက ကြေညာကာ အားကစားသမားများကို နာဂဒေသစီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းထံသို့ အပ်နှံပြီး နာဂဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ကွင်းဖွင့်ပွဲအမှာစကား ပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုပြီး မွန်ထွေကျေးရွာကျောင်းသူလေးများက အားကစားသီချင်းဖြင့်ဖျော်ဖြေကာ ဦးစီးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အားကစားသမားများကို အသင်းလိုက် လိုက်လံနှုတ်ဆက်သည်။

ထို့နောက် စတင်ယှဉ်ပြိုင်ရာတွင် ပွဲဦးထွက်အနေဖြင့် (NYRDDC) လက်ရွေးစင်အသင်းနှင့် ထန်ပါခွေလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကြသည်။ အဆိုပါ လဟယ်မြို့တည်နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ (ဖလား)ရပ်ကွက် ကျေးရွာပေါင်းစုံ အလွတ်တန်းဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၀ ရက်အထိ ပြိုင်ပွဲဝင်အသင်း ၁၆ သင်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း၊ အဆိုပါ အားကစားပြိုင်ပွဲသို့ နာဂဒေသစီမံဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့်အဖွဲ့ဝင်များ၊ လဟယ်မြို့နယ်စီမံဥက္ကဋ္ဌ ဦးဇာနည်ဝင်းနှင့်အဖွဲ့ဝင်များ၊ ဒေသ/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အားကစားပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

ယွန်း(မုံရွာ၊ ကိုယ်ပွား)



## MNL ပွဲစဉ်(၅) လက်ကျန်နှစ်ပွဲ ဆက်လက်ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၆

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၅) လက်ကျန်နှစ်ပွဲကို ဇူလိုင် ၂၇၊ ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

လက်ကျန်ပွဲများအဖြစ် ဇူလိုင် ၂၇ ရက်တွင် မြဝတီအသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း၊ ဇူလိုင် ၂၈ ရက်တွင် ရခိုင်ယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ လေးပွဲဆက်နိုင်ပြီး အမှတ်ပေးဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် သုံးပွဲဆက်အနိုင်ရထားသည့် တန်းတက်မြဝတီအသင်းနှင့် ထပ်မံစမ်းသပ်ခံရမည်ဖြစ်သည်။ မြဝတီအသင်းသည် ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့်အပြင် နာမည်ကြီး ကစားသမားပါဝင်ခြင်းမရှိသော်လည်း ယခုရာသီတွင် ရလဒ်ကောင်း ဆက်တိုက်ရရှိနေခြင်းဖြစ်သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီမစတင်မီ ပြည်တွင်း အမာခံကစားသမား အများစုမရှိသော်လည်း လက်ရှိချန်ပီယံအသင်းပီသစွာ ကစားနိုင်နေပြီး လေးပွဲဆက်အနိုင်ရထားခြင်းဖြစ်သည်။ ယခုရာသီတွင် တစ်သင်းတည်းသော ပွဲတိုင်းရှုံးထားသည့် ရခိုင်အသင်းသည် ပထမဆုံးနိုင်ပွဲရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်ပြီး ရတနာပုံအသင်းမှာလည်း ရာသီအစ အဖွင့်ပွဲတွင် အနိုင်ရပြီးကတည်းက သုံးပွဲဆက်နိုင်ပွဲပျောက်ထားခြင်းဖြစ်သည်။

ယှဉ်ပြိုင်ကစားပြီးသည့် ပွဲစဉ်(၅)တွင် ဟံသာဝတီအသင်းက GFA အသင်းကို ၁၀ ဂိုး–ဂိုးမရှိ၊ ရန်ကုန်အသင်းက မဟာယူနိုက်တက်ကို ငါးဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီး ရောဝတီနှင့် အား/ကာသိပ္ပံအသင်း ဂိုးမရှိသရေကျထားသည်။

ကိုညီလေး

"ရန်ကုန်မြို့၊သာကေတမြို့နယ်၊၄/တောင်ရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ် ၄/တောင်၊ ရွှေခင်းသာမြို့ပတ်လမ်းနှင့်အောင်မေတ္တာလမ်းထောင့်၊မြေကွက်အမှတ်– ၉၅၅၅၊အကျယ်အဝန်းဧရိယာ(၀ ဒသမ ၀၆၃)ဧကရှိသော နှစ်(၆၀)ဂရန်မြေကွက်အား ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

အထက်ဖော်ပြပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား မြို့မြေစာရင်းတွင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဝင့်မွန်ထက်(၁၂/လသန(နိုင်)၀၂၁၉၃၁)မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့မိတ်ဆွေမှအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးတင်မောင်သန်း (စဉ်–၅၃၃၈) (B.A,R.L,D.B.L,D.I.L) (Ph:09-5076158)

ဦးကျော်မင်းထွန်း (စဉ်–၈၆ရ၆) (LL.B, C.B.L) (Ph:09-5092604,09-43151407)

ဦးမင်းဇော် (စဉ်–၁၁၈၅၉) (LL.B,D.B.L,D.I.L,D.M.L) (Ph:09-420128199)

တရားလွှတ်တော်ရှေ့နေများ

အမှတ်(၁၅၇)၊A-3၊ဒုတိယထပ်၊၂၈–လမ်း(အထက်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ စီးပွားရေး
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**- ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်၍ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။**

**- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။**

**- အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

နေပြည်တော် ဇူလိုင် ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ရုရှားနိုင်ငံခရီးစဉ်ဆိုင်ရာကိစ္စရပ်များ၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ အကြမ်းဖက်အဖွဲ့အစည်းအချို့နှင့် ပြည်ဖျက်မီဒီယာအချို့တို့က လုပ်ကြံဖန်တီးထားသည့် ပျူစောထီးဟူသည့် အခေါ်အဝေါ်၊ တိုင်းရင်းသားလက်နက်ကိုင်ဆိုင်ရာကိစ္စရပ်များ၊ ပညာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဆက်စပ်မှုများကို လည်းကောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ရွေးကောက်ပွဲကော်မရှင်ဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

**တက်ရောက်**

သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❑

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

နေပြည်တော် ဇူလိုင် ၂၆

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့** ✻

## အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲ မြန်မာနှင့် ဖိလစ်ပိုင် ယနေ့ကစားမည်

ရန်ကုန် ဇူလိုင် ၂၆

အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပလျက်ရှိသည့် ၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(ခ) ဒုတိယနေ့ကို ဇူလိုင် ၂၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဇူလိုင် ၂၅ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စု(ခ) ပထမနေ့တွင် မြန်မာအသင်းက မလေးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ သြစတြေးလျအသင်းက ဖိလစ်ပိုင်အသင်းကို လေးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် ယခုပွဲတွင် မြန်မာနှင့် သြစတြေးလျတို့ နိုင်ပွဲထပ်မံရရှိပါက အုပ်စုနောက်ဆုံးပွဲမတိုင်မီ ဆီမီးဖိုင်နယ်သို့ ကြိုတင်တက်ရောက်ခွင့်ရမည်ဖြစ်သည်။

အုပ်စု(ခ) ဒုတိယနေ့အဖြစ် ဇူလိုင် ၂၇ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ ည ၇ နာရီတွင် သြစတြေးလျ အသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ကိုညီလေး


ယနေ့ ဖတ်စရာ

**ဆင်ခြင်မှုမဲ့အမှားများကြားက မျှော်လင့်ချက်လမ်းစများ . . .**

ဆောင်းပါး စာမျက်နှာ » ၁၀



**ဂျပန်နိုင်ငံ၌ လူခုနစ်ဦးကို သတ်ခဲ့သည့် တရားခံအား သေဒဏ်ချမှတ်**

စာမျက်နှာ » ၁၃